# ကြေးမုံ
# The Mirror

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့ (15-3-2012) (၇၀၆၅)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရတနာဆင်ဖြူတော် ဇာတကလျာ၏ ဘွဲ့နာမံတော် အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းပေး

နေပြည်တော် မတ် ၁၄

**နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက် ဝတ္တုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဥယျာဉ်၌ ရတနာဆင်ဖြူတော် ဘဒ္ဒဝတီက ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ပေါက်ဖွားခဲ့သော ရတနာဆင်ဖြူတော် ဇာတကလျာသည် အသက် သုံးလပြည့်ခဲ့ပြီးဖြစ်သည်။ နေပြည်တော်တွင် ပေါက်ဖွား၍ ရတနာဆင်ဖြူတော် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသောကြောင့် ဆင်ဖြူတော် ဇာတကလျာဟု အမိပွာယ်ဖော်ဆောင်သည့် ရတနာဆင်ဖြူတော်လေးသည် မိခင်ဆင်မကြီး ဘဒ္ဒဝတီနှင့်အတူ ဆင်ဖြူတော်ဥယျာဉ်အတွင်း ကျန်းမာရွှင်လန်းစွာ သွားလာပျော်မြူးနေသည်မှာ ကြည့်ရှုရသူတိုင်းအဖို့ ကြည်နူးပီတိဖြစ်ကြရပေသည်။**

ရတနာဆင်ဖြူတော် ဇာတကလျာ၏ ဘွဲ့နာမံတော် အမည်ပေး ကင်ပွန်းတပ်နှင့် အဆောင်တော်တက် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အရှေ့ဘက် ဝတ္တုကံမြေ အတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက် ချီးမြှင့်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးသန်းငွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများသည် ရတနာဆင်ဖြူတော်ဆောင် သတ်မှတ်နေရာ၌ နေရာယူကြပြီး ကကြိုးတန်ဆာများ ဆင်ယင်ထားသည့် ရတနာဆင်ဖြူတော် ဇာတကလျာအား ရတနာနဝရတ်ကိုးသွယ် အဆင်တန်ဆာကို ဦးကင်းထက်တွင် ဆင်မြန်းပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရတနာဆင်ဖြူတော် ဇာတကလျာအား တရော်ကင်ပွန်းရည်များဖြင့် သန့်စင်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းတို့က ရတနာဆင်ဖြူတော် ဇာတကလျာအား တရော်ကင်ပွန်းရည်များဖြင့် သန့်စင်ပေးသည်။



ဆက်လက်၍ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက ရတနာဆင်ဖြူတော် ဇာတကလျာအား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အရှေ့ဘက် ဝတ္တုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်၌ ကျင်းပသည့် ရတနာဆင်ဖြူတော် ဇာတကလျာ၏ ဘွဲ့နာမံတော် အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

## ကောင်းသော မနသိကာယဖြင့် လူမှုဘဝဝန်းကျင်

စာတည်းရှုထောင့် စာမျက်နှာ ၂

## မန္တလေးတိုင်းဒေသကြီး မိတ္ထီလာနှင့် ကျောက်ဆည်မြို့နယ်တို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ



သတင်းမှတ်စု စာမျက်နှာ ၇

အင်တာနက် အာကာသ သိပ္ပံ သတင်း | ဘာသာပြန် - တက်လူ

## ဂြိုဟ်တုဟောင်းများကို ဆယ်ယူနိုင်ရန် ဆွစ်သိပ္ပံပညာရှင်များ သုတေသနပြုလေ့လာ

**လော်ဆိန်း မတ် ၁၄**

ကမ္ဘာကို လှည့်ပတ်နေသော ဂြိုဟ်တုဟောင်းများကို ဆယ်ယူကာ ရှင်းလင်းဖယ်ရှားပေးနိုင်မည့် ဂြိုဟ်တုတစ်လုံးတည်ဆောက်နိုင်ရန် ဆွစ်ဇာလန်နိုင်ငံရှိ သိပ္ပံပညာရှင်များ သုတေသနပြုလေ့လာလျက်ရှိကြောင်း ဆွစ်အာကာသဌာနက မတ် ၁၄ရက်တွင် ထုတ်ပြန်ကြေညာသည်။

အာကာသအတွင်း လွင့်မျောနေသော အမှိုက်အပိုင်းအစများမှာ ၁၆၀၀၀ ခန့်ရှိနေကြောင်း၊ ကမ္ဘာကိုလှည့်ပတ်နေသော အာကာသအမှိုက်များ တစ်စစ ပိုမိုများပြားလာခြင်းဖြင့် ဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်း ဆွစ်အာကာသဌာန ညွှန်ကြားရေးမှူး ဗော်လ်ကာဂက်စ်က ပြောကြားသည်။

ဆွစ်အာကာသဌာနသည် အာကာသ၌ သန့်ရှင်းရေးပြုလုပ်ပေးနိုင်မည့် ဂြိုဟ်တုတစ်လုံးကို အာကာသအတွင်းသို့ လွှတ်တင်ရန် စီစဉ်ထားသည်။



ဂြိုဟ်တုတစ်လုံးကို အာကာသအတွင်းသို့ လွှတ်တင်ရန် စီစဉ်ထားသည်။

အာကာသအတွင်းရှိ ဂြိုဟ်တုဟောင်းများကို ရှင်းလင်းဖယ်ရှားပေးမည့် ဂြိုဟ်တုသည် အာကာသအတွင်း၌ လုပ်ငန်းဆောင်တာများ လုပ်ဆောင်ပြီးစီးသည့်အခါ ယင်းဂြိုဟ်တုကို မိမိတို့ ပြန်လည်ဆယ်ယူမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆွစ်ဇာလန်နိုင်ငံရှိ သိပ္ပံပညာရှင်များနည်းတူ ဂျာမနီနိုင်ငံရှိ သိပ္ပံပညာရှင်များသည်လည်း အာကာသအမှိုက်များအား ရှင်းလင်းဖယ်ရှားနိုင်မည့် နည်းပညာကို သုတေသနပြုလေ့လာလျက်ရှိသည်။ **အင်တာနက်။**

ကြေးမုံစာတည်းရှထောင့်

၁၅-၃-၂၀၁၂[ကြာသပတေးနေ့]။

# ကောင်းသော မနသိကာယဖြင့် လူမှုဘ၀ဝန်းကျင်

စည်းကမ်းဥပဒေလိုက်နာမှု၊ အသိစိတ်ဓာတ်မြင့်မားလာမှုတို့၏ အကျိုးရလဒ်မှာ တစ်နှစ်ထက်တစ်နှစ် မှုခင်းပြစ်မှု၊ ဖြစ်စဉ် ဖြစ်ပွားမှုတို့ လျော့နည်းကျဆင်းလာခြင်းတို့ကို ပြသောကိန်းဂဏန်းများပင်ဖြစ်သည်။ လူတို့အနေဖြင့် ဥပဒေကိုလိုက်နာမှု၊ စည်းကမ်းကိုသိတတ်မှု၊ နူးညံ့သိမ်မွေ့ စာနာနားလည်မှု အသိစိတ်ဓာတ်များ တိုးပွားလာလျှင် ပြစ်မှုဖြစ်စဉ်များ ပါးလျားလာပြီး သာယာ၀ပြောသော လူမှုဝန်းကျင်ဖြစ်ပေါ်လာမည်ဖြစ်သည်။

ပြစ်မှု၊ ဖြစ်စဉ်မဖြစ်ပွားအောင် စည်းကမ်းထိန်းသိမ်းမှု၊ ဥပဒေကွပ်ညှပ်မှုတို့သည် တာဝန်ရှိအဖွဲ့အစည်းများအပေါ်တွင်သာ မူတည်ပါသည်ဟု ယေဘုယျဆိုနိုင်သော်လည်း ဥပဒေစောင့်ထိန်းမှု၊ စည်းကမ်းလိုက်နာမှုတို့ကို ဆောင်ရွက်ရမည်ဖြစ်သော ကာယကံရှင်များသည်သာ အဓိကလက်သည်များဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်ပေ။ အမှန်တွင် မိမိကံကြမ္မာကို မိမိသာလျှင် ဖန်တီးသည်မဟုတ်ပါလော။

ထိုဖြစ်စဉ်များအနက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယာဉ်မတော်တဆမှုကြောင့် ကြုံတွေ့ရသည့် သေဆုံးဒဏ်ရာရသူဦးရေမှာ ၂၀၁၀ ခုနှစ်ထက် ၂၀၁၁ခုနှစ်တွင် ကြောက်ခမန်းလိလိ တိုးပွားလာသည်ကို တွေ့မြင်ကြားသိခဲ့ရပေသည်။ ၂၀၁၀ ယာဉ်မတော်တဆမှု ၉၀၂၀ မှုတွင် သေဆုံးသူ ၂၄၆၁ ဦးရှိခဲ့သော်လည်း ၂၀၁၁ ယာဉ်မတော်တဆမှု ၁၀၁၂၃ မှုတွင် သေဆုံးသူ ၂၇၉၆ ဦးရှိလာခဲ့ပေသည်။ ထိုဖြစ်စဉ်များထဲတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တို့လည်းပါဝင်သကဲ့သို့ မှတ်ပုံမတင်ထားသော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များလည်း ပါဝင်သည်ကို တွေ့ရှိရပေသည်။

လူ့အသက်ကို ဖက်ရွက်ပမာသဘောထားပြီး အဆင်ခြင်မဲ့ပြုမူမှုများသည် မိမိအတွက်သာမက မိမိ မိသားစု၊ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုများပင်ဖြစ်သည်။ ဘယ်အချိန် ဘယ်ကာလ ဘာဖြစ်တတ်သည်။ ဘယ်ဒေသ ဘယ်နေရာ ဘာဖြစ်တတ်သည်။ ဘယ်အချိန် ဘယ်နေရာ ဘယ်လိုဆင်ခြင်ရမည်တို့သည် အန္တရာယ်ကို အချိန်မရွေး ရင်ဆိုင်ကြုံတွေ့နိုင်သည့် ယာဉ်မောင်းသူတို့အတွက် အသိတရားနှင့် သတိထားဆင်ခြင်ရမည့် အချက်များသာဖြစ်သည်။

ယာဉ်မောင်းနှင်သူတို့လောကဝယ် အသိတရားနှင့် သတိထားရမည့် အချက်ဆိုသည်မှာ မိမိမောင်းနှင်သော ယာဉ်နှင့်ခရီးအတွက် မောင်းနှင်ရမည့် အသက်နှင့်အရွယ်သည်လည်း စကားပြောလာပါသည်။ ငယ်ရွယ်သူတို့သဘောသဘာ၀မှာ အကြောက်တရားနည်းပါးပြီး ကြီးရင့်သူတို့၏သဘောသဘာ၀မှာ အတွေ့အကြုံနှင့်ဆင်ခြင်မှုတို့ များလာသူများဖြစ်ပါသည်။ ယနေ့ ပြစ်မှုဖြစ်စဉ်များကို ပြန်ပြောင်းကြည့်လျှင် ဖြစ်စဉ်များ၌ ငယ်ရွယ်သူများသာ အဖြစ်များသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် သူ့အသက်အရွယ်နှင့်သူ တန်ရာတန်ရာယာဉ်နှင့် တန်ရာတန်ရာခရီးကို မောင်းနှင်ကြဖို့လိုပါသည်။ အချို့မှတ်ပုံတင်မဲ့ယာဉ်နှင့် ဆိုင်ကယ်များတွင် အသက်မပြည့်သူ ငယ်ရွယ်သူများပင် မောင်းနှင်လျက်ရှိသည်ကို တွေ့ရတတ်ပြီး ဖြစ်စဉ်ကြောင့် သေဆုံးသူများတွင် ပါဝင်လာသည်ကို သတင်းအချို့၌ တွေ့မြင်ရပါသည်။

လူတို့၏သဘောသဘာဝမှာ ဗုဒ္ဓဘာသာအလိုအရဖြစ်စေ၊ အနောက်တိုင်းစိတ်ပညာရှင်တို့အလိုအရဖြစ်စေ လူသည် ပုထုဇဉ်တို့၏ ဒုစရိုက်မျိုးစေ့ဖြစ်သော အနုသယကိလေသာ အမြဲပါရှိသည်ဟု ဆိုထားပါသည်။ မူလစိတ်ယုတ် စိတ်ညံ့များကို အကြွင်းမဲ့မပယ်သတ်နိုင်၍သာ စိတ်ညံ့များ၏ ဆွဲဆောင်ရာ အမြင်မတင့်တယ်သောမြင်ကွင်းသို့ ရောက်ကြရသည်။ သို့ဖြင့် ကျွန်ုပ်တို့ မြန်မာအမျိုး ကောင်းသားတို့သည် မိမိတို့၏ စိတ်ရိုင်း၊ စိတ်ညံ့များကို ကောင်းသော မနသိကာယဖြင့်ပယ်သတ်၍ ကောင်းမွန်သော လူမှုဝန်းကျင်ဖြစ်အောင် ဝိုင်းဝန်းကြံဆောင်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးမြသိမ်း ဦးဆောင်သည့် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များအား အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ကျွမ်းကျင်မှုနည်းပညာ အကူအညီပေးရေးမစ်ရှင်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် မတ် ၁၄**

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးမြသိမ်း ဦးဆောင်သည့် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များအား အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ကျွမ်းကျင်မှုနည်းပညာအကူအညီပေးရေး မစ်ရှင်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာအဆောင် I-20 ၌ လာရောက်တွေ့ဆုံပြီး ဗဟိုဘဏ်က ကျင့်သုံးရမည့် ဥပဒေများနှင့် စပ်လျဉ်း၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးမြသိမ်း ဦးဆောင်သည့် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များအား အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ကျွမ်းကျင်မှုနည်းပညာအကူအညီပေးရေး မစ်ရှင်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

## မစ္စတာ ဟာဂေး မိုရှေး ဘီဟားအား အစ္စရေးနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် မတ် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ ဟာဂေး မိုရှေး ဘီဟားအား ခန့်အပ်ရန် အစ္စရေးနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဟာဂေး မိုရှေး ဘီဟားသည် ၁၉၆၃ ခုနှစ် မေ ၂၉ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ဟီဘရူးတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဝိဇ္ဇာဘွဲ့နှင့် ၂၀၀၉ ခုနှစ်တွင် ဘားအလန်တက္ကသိုလ်မှ ဥပဒေဆိုင်ရာမဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

မစ္စတာ ဟာဂေး မိုရှေး ဘီဟားသည် အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ၁၉၉၄ ခုနှစ်မှ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး အိုင်ဗရီကို့စ်၊ အမေရိကန်ပြည်ထောင်စုနှင့် ဘယ်လ်ဂျီယံနိုင်ငံများရှိ အစ္စရေးသံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် အစ္စရေးနိုင်ငံ ဘတ်ဂျက်စီမံကိန်းနှင့် စီမံခန့်ခွဲရေးဦးစီးဌာန အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ (သတင်းစဉ်)

## ၂၀၁၂ ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၁၄**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှ စတင်၍ ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ညနေပိုင်းတွင် ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ လာရောက်ကြည့်ရှုသည်။



**ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်စားစွာ ကြည့်ရှုရွေးချယ်ကြစဉ်။** (သတင်းစဉ်)

ကျောက်စိမ်းအတွဲများကို မတ် ၁၆ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ မတ် ၁၆ ရက်မှ ၁၈ ရက် အထိ ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၁၅-၃-၂၀၁၂ (ကြာသပတေးနေ့)**

| | |
|---|---|
| ၅း၄၀ | "(၃၂)ဖြာလက္ခဏာ"တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ) |
| ၁၁း၀၀ | စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း) |
| ၁၂း၁၅ | ဝင်ကဘော်ရွာကလေးမှသည် အနာဂတ်ရဲ့ရတနာများဆီသို့ |
| ၁၂း၂၅ | ရန်ကုန်မြင်ကွင်းကျယ် (Ice Wonder Land) |
| ၄း၃၀ | The Mask of Love (KOSE) |
| ၄း၅၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၆း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၂၂)** |
| ၇း၁၀ | Style ရှိမှ Star ဖြစ်မယ် |
| ၉း၂၀ | The Shop Around The Corner (Part-44) |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၉၉)** |
| ၁၀း၂၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၁၄)** |
| ၁၁း၂၅ | အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ပွဲကျောင်းသားတိုက်ကောင်း ဗီဒီယိုဇာတ်ကားမိတ်ဆက်" |
| ၁၁း၄၅ | ဓာတ်ပုံထဲမှအမှတ်တရများ (မိုးမိုး၏ဓာတ်ပုံထဲမှအမှတ်တရများ) |
| ၁း၀၅ | မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုဏ်ဂူများ |
| ၁း၅၅ | တူနိုင်းမရ (ဦးဝင်းမြိုင်၊ အရိုင်းမင်း၊ မျိုးကြည်၊ တိုးမြတ်နိုးဝေ) (ဒါရိုက်တာ-ဝင်းမောင်ရွှေ) |
| ၂း၂၀ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာထွန်းထွန်းလင်း) |
| ၄း၀၅ | စွမ်းအင်တို့ရဲ့နှိုးစက် (ကခုန်ခြင်းနှင့်အားကစား) |
| ၄း၃၀ | ကယ်တင်ကြစို့ တို့ကမ္ဘာ |

## ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားအနီးတွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မတ် ၁၄**

ရန်ကုန်မြို့ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရပ်ကွက် ခြောက်ထပ်ကြီးဘုရားအနီးရှိ ဇေယျသုခကာရီကျောင်းတိုက်တွင် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်က မီးလောင်ကျွမ်းမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

လောင်ကျွမ်းမှု ဖြစ်စဉ်မှာ ကျောင်းတိုက်အပေါ်ထပ်ရှိ မီးအားမြှင့်စက် အပူလွန်ကဲရာမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ကျွမ်းရာသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ၃၆ စီး၊ အုပ်ချုပ်မှုယာဉ် ခုနစ်စီး၊ အထောက်အကူပြုယာဉ်နှစ်စီးတို့ဖြင့် ရောက်ရှိငြိမ်းသတ်ရာ နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် မီးကို ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

(သူရိန်)



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၅-၃-၂၀၁၂ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၄၀ | ဓမ္မနုဂ္ဂဟဓမ္မကဌာ (ရွှေယမင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်) |
| ၈း၂၅ | (၆၇)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ် |
| ၈း၄၅ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော် |
| ၄း၄၀ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ) |
| ၅း၀၅ | "ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ" |
| ၅း၁၅ | "ရောင်စုံရေးသီ တေးပန်းချီ" |
| ၅း၄၅ | သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင် |
| ၆း၂၀ | "အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၂)" |
| ၆း၄၅ | "ချင်းတွင်းအနောက် ခရီးတစ်ခေါက်" (အပိုင်း-၂) |
| ၇း၀၅ | ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း |
| ၇း၁၀ | "(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ (မြန်မာ့ပုလဲပြခန်း)" (အပိုင်း-၁) |
| ၇း၄၅ | "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ) |
| ၈း၀၀ | ပြည်တွင်းသတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် -"အစာလည်းဆေး၊ ဆေးလည်းအစာ" **-နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသချေ"(အပိုင်း-၁၄) -နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၃၉)** |

☆ ဒုတိယသမ္မတမှ

ထို့နောက် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင် ဦးမြသောင်းက ရတနာဆင်ဖြူတော် ဇာတကလျာအား ပေါက်ပေါက်များဖြင့် ကြပက်ပေးသည်။

မင်္ဂလာအချိန် နံနက် ၈ နာရီ ၁၀ မိနစ်တွင် တာဝန်ရှိသူများက ရတနာဆင်ဖြူတော် ဇာတကလျာအား ဆင်ဖြူတော် အဆောက်အအုံအတွင်း မင်္ဂလာနေရာသို့ ပြောင်းရွှေ့နေရာယူစေသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက ရတနာဆင်ဖြူတော် ဇာတကလျာအား အမွှေးနံ့သာရည်များ ထပ်မံပက်ဖျန်းပေးကြပြီး အစာအာဟာရများ ကျွေးမွေးကြသည်။

ယင်းနောက် ရတနာဆင်ဖြူတော် ဘဒ္ဒဝတီနှင့် ရတနာဆင်ဖြူတော် ဇာတကလျာတို့က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား မျက်နှာမူ၍ ဖူးမြော်ပူဇော်ကြသည်။

ဆက်လက်၍ အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော 'အမ'ဖြစ်သည့် ဤရတနာဆင်ဖြူတော် ဘွဲ့နာမံအမည်တော်မှာ " ဇာတကလျာ"ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက " ဇာတကလျာ"ဟု သုံးကြိမ်စီ ခေါ်ဆိုကြရာ ပရိသတ်များက သြဘာလက်ခုပ်တီး၍ ကောင်းချီးပေးကြပြီး အခမ်းအနားမှူးက " အောင်ပြီ အောင်ပြီ" ဟု သုံးကြိမ် ကောင်းချီးမြွက်ဖော် ကြွေးကြော်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက ရတနာဆင်ဖြူတော် ဇာတကလျာအတွက် လက်ဆောင်လက်ဖွဲ့ငွေများကို ပေးအပ်ကြရာ မြန်မာ့သစ်လုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ စည်သူဒေါက်တာဝမ်ထွန်းက လက်ခံသည်။

ဆက်လက်၍ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ သီရိသုဓမ္မမဏိဇောတရေ လူမှုထူးချွန်(ဒုတိယဆင့်) ဦးကိုကိုအေးနှင့် ဇနီး ဒေါ်သီသီနိုင် မိသားစုက ရတနာဆင်ဖြူတော် ဇာတကလျာ၏ ဦးကင်းထက်တွင် ဆင်ယင်သည့် ရတနာများ စီခြယ်ထားသော နဝရတ်ကိုးသွယ်အဆင်တန်ဆာအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ စည်သူဒေါက်တာဝမ်ထွန်းက လက်ခံသည်။

ထို့နောက် အခမ်းအနားမှူးက " ရတနာဆင်ဖြူတော် ဇာတကလျာလေး ကျန်းမာပါစေ၊ အသက်ရာကျော် ရှည်ပါစေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ဘေးဘယာဝေးကွာ၍ သာယာဖွံ့ဖြိုး တိုးတက်အောင်မြင်ပါစေ" ဟု ဆုမွန်ကောင်းတောင်း၍ အခမ်းအနားကို ရုပ်သိမ်းရာ ပရိသတ်များက သြဘာလက်ခုပ်တီး၍ ကောင်းချီးပေးကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ပြည်ထောင်စုဝန်ကြီးများသည် ရတနာဆင်ဖြူတော်များဖြစ်ကြသော ဘဒ္ဒဝတီ၊ နန္ဒဝတီ၊ ဟေမဝတီနှင့် ငွေဆဒ္ဒန်တို့အား အစာအာဟာရများ ကျွေးမွေးကြသည်။

ရတနာဆင်ဖြူတော် ဘဒ္ဒဝတီမှ ပေါက်ဖွားသော ရတနာဆင်ဖြူတော် ဇာတကလျာသည် အမဖြစ်ပြီး ၂၇-၁၁-၂၀၁၁ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် ဥပ္ပါတသန္တိစေတီတော် ဆင်ဖြူတော် ဉယျာဉ်၌ ပေါက်ဖွားခဲ့ခြင်း ဖြစ်သည်။

ရတနာဆင်ဖြူတော် ဇာတကလျာသည် အရပ်အမြင့် ၃ ပေ ၁ လက်မ၊ လုံးပတ် ၄ ပေ ၁ လက်မ၊ အမြီး ၁ ပေ ၆ လက်မ (မြီးဆံသင့်)၊ အမြီး တံခါးပိတ်၊ ကျောငှက်ပျောကိုင်း၊ ခြေသည်း ရှေ့ ၅ နောက် ၄၊ မျက်လုံး ပုလဲ ၊ နား နားလတ်(ကြေးစည်ပုံ)၊ အမွေးအမှင် အဖြူရောင်၊ အသားအရေ ပန်းရောင်(သြဇာခွံ) ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အရှေ့ဘက် ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်၌ ရတနာဆင်ဖြူတော်များအား အစာအာဟာရများ ကျွေးမွေးစဉ်။**

(သတင်းစဉ်)



## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယူနီဆက်ဖ်ဌာနေကိုယ်စားလှယ်နှင့် ကိုလံဘီယာဒုတိယဝန်ကြီးတို့ တွေ့ဆုံ

**နေပြည်တော် မတ် ၁၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံရှိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) တို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကိုလံဘီယာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စစ် ပက်တီလန်ဒိုနို ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-ကိုလံဘီယာ နှစ်နိုင်ငံဆက်ဆံမှု မြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(ဝဲပုံ)** (သတင်းစဉ်)

## တောင်ငူကေတုမတီ မြို့သစ်၌ မီးလောင်

**ရေတာရှည် မတ် ၁၄**

တောင်ငူမြို့နယ် ကေတုမတီမြို့သစ် အသခ်ရာလမ်းတွင် တောမီးလောင်ရာမှ တစ်ဆင့် လူနေတဲတစ်လုံးနှင့် မွေးမြူရေး ကြက်ခြံနှစ်ခြံကို မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ မတ် ၁၄ ရက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် တောမီးမှတစ်ဆင့် လမ်းတောင်ဘက်ရှိ လူနေအိမ်တဲတစ်လုံးကို မီးကူးစက်လောင်ကျွမ်းခဲ့ပြီး ထိုတဲမှ ဆက်၍ ကိုက် ၅၀ ခန့်အကွာ ဦးမြင့်သန်း၏ နေအိမ်ခြံဝင်းအတွင်းရှိ တောင်ငူမြို့ အမှတ်(၂)ရပ်ကွက်နေ ဦးအေးကျော် ပိုင်ဆိုင်သည့် ကြက်ခြံနှစ်ခြံကို ဆက်လက် မီးကူးစက်လောင်ကျွမ်းခဲ့ရာ ကြက်ခြံနှစ်ခြံနှင့် မွေးမြူထားသော ကြက်အကောင်ရေ ၁၀၀၀ ကျော် မီးလောင်သေဆုံးသွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ကေတုမတီမြို့သစ်မှ မီးသတ်ယာဉ်တစ်စီး၊ ရေတာရှည်မြို့မှ မီးသတ်ယာဉ် နှစ်စီး၊ တောင်ငူမြို့နယ်မှ မီးသတ်ယာဉ် တစ်စီး တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ အခြားသော နေအိမ်အဆောက်အအုံများအား မီးကူးစက် လောင်ကျွမ်းခြင်းမရှိဘဲ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။**(အောက်ပုံ)** (၅၇၈)



## ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ကမ္ဘာ့ဘဏ်မှ Country Director နှင့်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် မတ် ၁၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ကမ္ဘာ့ဘဏ်မှ Country Director Ms. Annette Dixon နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံအစိုးရ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။**(ဝဲပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)



## ဒုတိယဝန်ကြီး ဦးဝင်းရှိန် မြန်မာ့လေကြောင်းမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြား

**ရန်ကုန် မတ် ၁၄**

မြန်မာ့လေကြောင်းသည် နှစ်ပေါင်း (၆၄)နှစ်သက်တမ်းရှိ အစဉ်အလာကောင်းသည့် လေကြောင်းလိုင်းဖြစ်ကြောင်း၊ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း၍ ယခုထက်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်ကို နားထောင်၍ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ဝန်ဆောင်မှုကောင်းသော နိုင်ငံတော်လေကြောင်းလိုင်းအဖြစ် ထာဝရရပ်တည်နိုင်ရန် ကြိုးပမ်းစေလိုကြောင်းဖြင့် မတ် ၁၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က မြန်မာ့လေကြောင်းမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မှာကြားခဲ့သည်။**(ယာပုံ)**

မြန်မာ့လေကြောင်းတွင် လေယာဉ်ကိုးစင်းဖြင့် စွမ်းအားပြည့် ပျံသန်းသယ်ဆောင်ပေးလျက်ရှိသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ခရီးသည် ၂ ဒသမ ၃ သိန်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ခရီးသည် ၃ ဒသမ ၄ သိန်း သယ်ယူပို့ဆောင်နိုင်ခဲ့ပြီး ယခုနှစ်တွင် ခရီးသည် ၄ ဒသမ ၂ သိန်းအထိ တိုးတက်သယ်ဆောင်နိုင်ခဲ့သည်။ လေယာဉ်လက်မှတ် ဝယ်ယူရာတွင် လွယ်ကူသည့်စနစ်ဖြစ်စေရန်နှင့် ခရီးသွားများသက်သောင့်သက်သာ ဖြစ်စေမည့် နည်းလမ်းများကိုလည်း ကြံဆဆောင်ရွက်လျက်ရှိသည်။

ဒုတိယဝန်ကြီးသည် မတ် ၁၂ ရက် မွန်းလွဲပိုင်းတွင် မြန်မာ့လေကြောင်း ရုံးချုပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)



# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်     မတ်     ၁၄

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



ယခုလို ကျွန်မရဲ့နိုင်ငံရေးပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒ သဘောတရားတွေကို ဧပြီလ ၁ ရက်နေ့မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီတင်ပြခြင်းဟာ ပြည်သူတွေရဲ့ အခွင့်အရေးတစ်ရပ်ကို အသိအမှတ်ပြုလိုက်ခြင်း ဖြစ်ပါတယ်။

မဲဆန္ဒရှင်များသာမက နိုင်ငံသူ နိုင်ငံသားအားလုံးအနေနဲ့ မိမိတို့ကို ကိုယ်စားပြုလိုကြတဲ့ ပါတီအဖွဲ့အစည်း၊ ပုဂ္ဂိုလ်တွေကို လေ့လာသုံးသပ်ပြီး ဘယ်အဖွဲ့အစည်း၊ ဘယ်ပုဂ္ဂိုလ်ကို ထောက်ခံရွေးချယ်မယ်ဆိုတာ ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်။

ဒီမိုကရေစီ အခြေခံမူအရ ပြည်သူတွေရဲ့ ဆုံးဖြတ်ချက်ကို လက်ခံမှာဖြစ်တဲ့ ကျွန်မတို့ပါတီရဲ့ နိုင်ငံနဲ့ ပြည်သူတွေအတွက်ထားတဲ့ ရည်မှန်းချက်တွေကို အနှစ်နှစ်ဆယ်ကျော် ကိုင်စွဲခဲ့တဲ့ မူတွေနဲ့တွဲပြီး ရှင်းပြချင်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အဓိကရည်ရွယ်ချက်တွေအနက် ထိပ်တန်းတင်ထားတဲ့ကိစ္စ (၃)ရပ်ကတော့ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ ဖြစ်ပါတယ်။

တရားစီရင်ရေးစနစ်ကို အစိုးရယန္တရားအောက် သွတ်သွင်းခဲ့ပြီး မီဒီယာတွေကို အစိုးရပိုင်အဖြစ်ပြောင်းကာ ချုပ်ကိုင်လာခြင်း၊ တင်းကျပ်တဲ့မီဒီယာနဲ့ ဆင်ဆာစည်းကမ်းတွေကို ပြဋ္ဌာန်းပြီး ပြည်သူတွေရဲ့ လွတ်လပ်စွာ ပြောပိုင်ခွင့်၊ ရေးပိုင်ခွင့်၊ ကြားပိုင်ခွင့်၊ ဆန္ဒဖော်ထုတ်ပိုင်ခွင့်တွေကို ရုပ်သိမ်းပစ်ခဲ့ခြင်း စတဲ့နည်းလမ်းစုံနဲ့ တရားဥပဒေစိုးမိုးမှုကို ချေဖျက်ပစ်ခဲ့တာ ပြည်သူလူထုဘဝမှာ အကြောက်တရားကသာ လွှမ်းမိုးခဲ့ပါတော့တယ်။

ပြည်သူလူထုဘဝ အကြောက်တရားက လွတ်မြောက်ပြီး လူ့အခွင့်အရေး မရသေးတဲ့အထိတော့ ဒီမိုကရေစီစနစ်ထွန်းကားခိုင်မြဲနိုင်မှာမဟုတ်ပါဘူး။ ဥပဒေစိုးမိုးမှုရှိမှသာ ပြည်သူတွေဟာ ဥပဒေရဲ့ အကာအကွယ်ကို အမှန်တကယ်ရနိုင်ပြီး လွတ်လပ်မှုရဲ့ အရသာကို အမှန်တကယ်ခံစားနိုင်ကြမှာဖြစ်ပါတယ်။ဥပဒေစိုးမိုးရေးရှိခြင်းသည် သာမန်ပြည်သူများ၊ နိုင်ငံတော်ဝန်ထမ်းများနဲ့ နိုင်ငံရေးသမားအားလုံးတို့ မိမိတို့ရသင့်ရထိုက်တဲ့ အကာအကွယ်၊ အစောင့်အရှောက် ပေးမှာဖြစ်ပါတယ်။ အာဏာရှိတဲ့ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အကြီးအကဲတွေက တစ်ချက်လွှတ်အမိန့်နဲ့ ဘယ်သူ့ကိုမှ အရေးယူအနိုင်ကျင့်နိုင်မှာမဟုတ်ပါ။ ဒါမှ ဒီမိုကရေစီလည်း ခိုင်မာထွန်းကားတယ်လို့ ဆိုနိုင်ပါမယ်။

ဥပဒေစိုးမိုးရေးအတွက် ကျွန်မတို့ဘယ်လိုလုပ်ကြမလဲ။

ပြည်သူတွေကို ဖိနှိပ်ထားတဲ့ ခေတ်နဲ့မလျော်ညီတော့တဲ့ ဥပဒေအချို့ကို မဆိုင်းမတွ ဖျက်သိမ်းပစ်ကြရပါမယ်။

ပြည်သူတွေကို အကာအကွယ်ပေးတဲ့ ဥပဒေတွေကို ပြဋ္ဌာန်းရေးဆွဲကြရပါမယ်။

တရားစီရင်ရေးစနစ်ကို လွတ်လပ်အောင်ထားပြီး သမာသမတ်ဖြစ်အောင် ပြုပြင်ရပါမယ်။

စာနယ်ဇင်းလွတ်လပ်ခွင့်အပြည့်အဝ ပေးရပါမယ်။

ပြည်သူလူထုကို ကူညီပေးမယ့်ဥပဒေ အထောက်အကူပြုကွန်ရက်တွေ တိုးချဲ့ရပါမယ်။

တရားစီရင်ရေးမဏ္ဍိုင်ဟာ ဒီမိုကရေစီသဘောထားနဲ့ ကိုက်ညီတဲ့ ဥပဒေပြုမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့နဲ့ လွတ်လပ်စွာရပ်တည်နေစေရပါမယ်။

တရားစီရင်ရေးမဏ္ဍိုင်ဟာ အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့အပေါ်မှာပဲ အမြဲရှိနေမှာဖြစ်ပြီး ဥပဒေနဲ့ ငြိစွန်းတဲ့ အုပ်ချုပ်သူ လူပုဂ္ဂိုလ်အဖွဲ့အစည်းမှန်သမျှကို တရားစီရင်ပိုင်ခွင့်ရှိစေရပါမယ်။ ဥပဒေအရ ပြစ်မှုထင်ရှားပြီး စီရင်ခြင်းမရှိသေးရင် ဘယ်သူကိုမဆို အပြစ်ကင်းတယ်လို့ မှတ်ယူရမှာပဲ ဖြစ်ပါတယ်။

လွတ်လပ်ရေးနဲ့ ဖွားဘက်အဖြစ်ပါလာတဲ့ ပြည်တွင်းစစ်ဟာ ကျွန်မတို့နိုင်ငံမှာ ဒီနေ့အထိ လောင်မြိုက်ဆဲဖြစ်နေပါတယ်။ ၁၉၄၇ ခုနှစ်တွင် အမျိုးသားခေါင်းဆောင်ကြီးများ ရုတ်တရက်လုပ်ကြံခံရပြီးကတည်းက စတင်ခဲ့တဲ့ တိုင်းရင်းသားမျိုးနွယ်များအကြား သံသယပွားခြင်း၊ နိုင်ငံရေးအယူအဆမတူသူများအကြား သဘောထားကွဲပြားခြင်း စတာတွေကို စားပွဲဝိုင်းမှာ တွေ့ဆုံညှိနှိုင်းဖြေရှင်းမှု မပြုနိုင်ကြသေးဘဲ လက်နက်အားကိုး အင်အားသုံးဖြေရှင်းဖို့ ကြိုးစားနေကြခြင်းဟာ ကနေ့အထိပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ဥပဒေစိုးမိုးမှု မရှိတာကလည်း ပြည်တွင်းစစ်မီးကို အရှိန်မြှင့်စေခဲ့ပါတယ်။ တိုင်းရင်းသားတွေရဲ့ လုံခြုံမှုနဲ့ အခွင့်အရေးတွေကို အကာအကွယ်မပေးနိုင်ခဲ့ဘဲ ပြည်တွင်းစစ်ရဲ့ ဆိုးကျိုးတစ်ခုအဖြစ် စစ်အာဏာရှင်စနစ်ကိုသာ ပေါ်ပေါက်စေခဲ့ပါတယ်။

ပြည်တွင်းစစ်မီးတောက်ကို အမြန်ဆုံးငြိမ်းသတ်ပြီး ငြိမ်းချမ်းအောင် လုပ်နိုင်မှသာ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ပြည်တွင်းစစ်ရပ်ဆိုင်းပြီး ငြိမ်းချမ်းစေရေးအတွက် အဆင့်(၃)ဆင့် ဆောင်ရွက်ရပါမယ်။

ပထမအဆင့်အနေနဲ့က တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ် ရပ်စဲရပါမယ်။

ဒုတိယအဆင့်အနေနဲ့ နိုင်ငံရေးအရ ဆွေးနွေးပွဲတွေကျင်းပပြီး ညှိနှိုင်းအဖြေရှာကြရပါမယ်။

တတိယအဆင့်အနေနဲ့ တိုင်းရင်းသားတွေလိုလားနေတဲ့အတိုင်း ပင်လုံရဲ့ အခြေခံမူဖြစ်တဲ့ တန်းတူညီမျှမှု၊ ကိုယ်ပိုင်အုပ်ချုပ်ရေး ပြဋ္ဌာန်းခွင့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့်စတာတွေကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံစစ်စစ် တည်ထောင်နိုင်ဖို့ ဘုံဦးတည်ချက်ထားပြီး ကြိုးပမ်းရပါမယ်။ ကျွန်မတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေဟာ ခွဲထွက်ရေးကို လုံးဝမလိုလားဘဲ စစ်မှန်တဲ့ ဒီမိုကရေစီ ပြည်ထောင်စုကြီးကိုသာ လိုလားတယ်လို့ ကျွန်မ တထစ်ချယုံကြည်ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းထွက်ခဲ့ပြီးကတည်းက ဒီဥပဒေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သဘောမတူတာကြေညာခဲ့ပြီး ပြုပြင်ရမယ့် အချက်တွေကို ထောက်ပြခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ပါတီစွဲ၊ အဖွဲ့စွဲ၊ ပုဂ္ဂိုလ်စွဲတွေမထားဘဲ နိုင်ငံအကျိုးကိုသာရှေးရှုတဲ့ စိတ်ဓာတ်နဲ့ ညီညွတ်တဲ့တပ်မတော်အင်အားစုအပါအဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ညှိညှိနှိုင်းနှိုင်းလုပ်သွားကြရမှာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့စစ်တပ်နဲ့ နိုင်ငံတကာမှာရှိတဲ့ နိုင်ငံအသီးသီးရဲ့ စစ်တပ်များဟာ နိုင်ငံကာကွယ်ရေးအတွက် အဓိကအင်အားစုဖြစ်တယ်ဆိုတာကို အငြင်းပွားဖို့မရှိပါဘူး။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအတွေ့အကြုံနဲ့ တွေ့ကြုံခဲ့ရတဲ့ဖြစ်စဉ်များအရ လက်ရှိမြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရာမှာ တပ်မတော်ဟာ မပါမဖြစ်ပါရန်လိုအပ်တယ်လို့ ကျွန်မယုံကြည်ပါတယ်။

ကျွန်မရဲ့ဖခင် ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့တဲ့ တပ်မတော်ဟာ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်ဖို့ အစဉ်အမြဲအဆင်သင့်ရှိမယ်လို့လည်း ကျွန်မယုံကြည်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ပြည်သူနဲ့အုပ်စိုးသူတို့ကြားမှာ ထားရှိတဲ့ ပဋိညာဉ်ဖြစ်တယ်ဆိုတဲ့အတိုင်း လိုအပ်တဲ့အခါတွေမှာ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်ကြရမှာဖြစ်ပါတယ်။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီမိုကရေစီစံနှုန်းနဲ့ မကိုက်ညီတာကို တွေ့မြင်နေရပါတယ်။

ထင်ရှားတဲ့ ဥပမာတစ်ခုပေးရမယ်ဆိုရင် ပြည်သူတွေကို ပြည်သူကတင်မြှောက်တဲ့ ရွေးကောက်ခံ ကိုယ်စားလှယ်တွေက အုပ်စိုးခြင်းကသာ ဒီမိုကရေစီရဲ့အနှစ်သာရ ဖြစ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရွေးကောက်ခံမဟုတ်တဲ့ လွှတ်တော်ကိုယ်စားလှယ် (၂၅%)ပါဝင်နေတာကို ပြည်သူတွေအသိဖြစ်ပါတယ်။ ဆိုလိုတာက လက်ရှိလွှတ်တော်အသီးသီးမှာ ပြည်သူတွေ ရွေးကောက်ထားခြင်းမဟုတ်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေပါဝင်နေတဲ့အတွက် ဒီမိုကရေစီမူများနှင့် မကိုက်ညီပါဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်သင့်တဲ့ ပုဒ်မများကို ပြည်သူတွေကို အသိပေးထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးပြီးတဲ့နောက် မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ဒီမိုကရေစီစနစ်ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရတာ နှစ်ပေါင်းနှစ်ဆယ်ကျော် အဖိနှိပ်ခံဘဝနဲ့ ကြိုးပမ်းရုန်းကန်ခဲ့ရတာကို ပြည်သူတွေအသိဖြစ်ပါတယ်။ အဖွဲ့ချုပ်ရဲ့ သစ္စာရှိ အဖွဲ့ဝင်တွေ အလုပ်ထုတ်ခံရတာ၊ ရှေ့နေတွေ လိုင်စင်ရုပ်သိမ်းခံရတာ၊ ဆရာဝန်တွေ လိုင်စင်ရုပ်သိမ်းခံရတာ၊ မတရားဖမ်းဆီးခံရပြီး အမြင့်ဆုံးပြစ်ဒဏ်များ ချမှတ်ခံရတာတွေကြောင့် မိမိတို့ လူမှုဘဝတွေ ပျက်စီး၊ မိသားစုစီးပွားရေးတွေ ပျက်စီးခဲ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဖွဲ့ချုပ် အဖွဲ့ဝင်တွေဟာ မိမိတို့ရဲ့ ယုံကြည်ချက်ကို ဆက်လက်ထိန်းသိမ်းပြီး ပြည်သူတွေအတွက်၊ အဖွဲ့ချုပ်အတွက် ရပ်တည်ခဲ့ကြပါတယ်။

အဖွဲ့ချုပ်အနေနဲ့ နိုင်ငံတကာနဲ့ ဆက်ဆံမှုချောမွေ့ပြေပြစ်ပြီး ပြည်သူများအတွက် အကျိုးရှိစေမယ့် ဆက်ဆံပေါင်းသင်းမှုကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ စီးပွားဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီစနစ်ထွန်းကားနေတဲ့ နိုင်ငံများနဲ့သာမက အိမ်နီးချင်းနိုင်ငံများနဲ့လည်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ပါတယ်။ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာရဲ့လိုအပ်တဲ့ ပံ့ပိုးကူညီမှုများရရှိနိုင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စီးပွားရေးနဲ့ပတ်သက်လို့ လွတ်လပ်မှု၊ တည်ငြိမ်မှုနဲ့ လူမှုရေးတရားမျှတမှုတို့ ဟန်ချက်ညီပြီး ဥပဒေစိုးမိုးမှုကိုအခြေခံတဲ့ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲဖို့ လုပ်ရပါမယ်။

ဆင်းရဲနွမ်းပါးမှုပပျောက်ပြီး ဒေသအလိုက်လူမျိုးများအကြား လူတစ်ဦးချင်းရဲ့ လူနေမှု အဆင့်အတန်း၊ လူမှုဘဝသိက္ခာ မြင့်မားစေဖို့ မြန်မာနိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ လူမျိုးစုအားလုံး တန်းတူညီမျှ အလုပ်လုပ်ကိုင်နိုင်ခွင့်ရဖို့အတွက် အလုပ်အကိုင်ဖော်ထုတ်ရေး၊ အလုပ်လက်မဲ့ပြဿနာဖြေရှင်းရေးကို ဦးတည်ဆောင်ရွက်ရပါမယ်။

စီးပွားရေးမှာ နိုင်ငံတော်ရဲ့ ရငွေ၊ သုံးငွေ ဘတ်ဂျက်လိုငွေပြနေတာကို ငွေစက္ကူအသစ်တွေ ရိုက်ထုတ်ပြီး ဖြေရှင်းတာမျိုးမဟုတ်ဘဲ တခြားနည်းလမ်းတွေနဲ့ ဖြေရှင်းရပါမယ်။ လက်ရှိငွေရေးကြေးရေးစနစ်၊ ဘဏ်စနစ်မှာ အနှောင်အဖွဲ့၊ အဟန့်အတားဖြစ်နေတဲ့အချက်တွေကို ဖယ်ရှားရမှာ ဖြစ်ပါတယ်။

နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေအားလုံး ဖွံ့ဖြိုးဖို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ နိုင်ငံတကာ ဘဏ္ဍာရေးကော်မရှင်၊ ကမ္ဘာ့ဘဏ်တို့နဲ့ ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်သွားဖို့လိုပါတယ်။ NLD က ယခုကစပြီး ဒီလိုပူးပေါင်းမှုများကို စတင် လမ်းစဖော်နေပါတယ်။

ပညာရေးပိုင်းမှာလည်း နိုင်ငံသားတိုင်းအရည်အသွေးပြည့်ဝတဲ့ ပညာသင်ယူခွင့်ရရှိဖို့၊ မသင်မနေရ မူလတန်းပညာရေးကို ကလေးတိုင်း အခမဲ့ သင်ယူခွင့်ရှိဖို့၊ အလယ်တန်း၊ အထက်တန်းအဆင့် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ကျောင်းတွေကို တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ဖွင့်လှစ်နိုင်ဖို့တို့ကို ဆောင်ရွက်ရပါမယ်။

မြန်မာဘာသာစကားအခက်အခဲရှိတဲ့ တိုင်းရင်းသားမျိုးနွယ်တွေရဲ့ကလေးများအတွက် အထောက်အကူ ဖြစ်စေမယ့် ပညာရေးလုပ်ငန်းအစီအစဉ်များကို ထည့်သွင်းရေးဆွဲရပါမယ်။ ပုံမှန်ကျောင်းပညာသင်ယူရန် အခက်အခဲရှိတဲ့အရွယ်ရောက်ပြီး ကလေးများ၊ လူငယ်လူရွယ်များ ကျောင်းပြင်ပပညာရေးအတွက် အထူးအစီအစဉ်များဆောင်ရွက်ပေးရပါမယ်။



ကျွန်မတို့ ပညာရေးအဆင့်အတန်းဟာ နိုင်ငံတကာအဆင့်အတန်းကို လိုက်မီဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ဒါမှ အခု ပြောနေကြတဲ့ လူ့စွမ်းအားအရင်းအမြစ် အစစ်အမှန်တွေ ပေါ်ထွက်လာမှာပဲ ဖြစ်ပါတယ်။ ဆရာ ဆရာမတွေ အရည်အချင်းပြည့်ဝဖို့ဟာလည်း အင်မတန်မှ အရေးကြီးပါတယ်။ ဒီအတွက် ပြုပြင်ဆောင်ရွက်သွားရမှာဖြစ်သလို သူတို့ အရည်အချင်းနဲ့ ထိုက်တန်တဲ့ လစာငွေကြေးရရှိဖို့ကိုလည်း စဉ်းစားပေးရပါမယ်။

ပညာရေး ပြုပြင်ပြောင်းလဲရာမှာလည်း လက်ရှိပညာရေးစနစ်မှာ တွေ့ကြုံနေကြရတဲ့ အတားအဆီး၊ အဟန့်အတားများကို ဖယ်ရှားပစ်ရမှာဖြစ်ပါတယ်။

ကျန်းမာရေးပိုင်းအနေနဲ့ နိုင်ငံတော်မှာ အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ရှိရပါမယ်။

အများပြည်သူ၊ အထူးသဖြင့် ချို့တဲ့တဲ့နိုင်ငံသားတိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုရဖို့ ကျန်းမာရေးအာမခံစီမံကိန်းတွေကို သီးသန့်အားဖြင့် ထူထောင်နိုင်ရန် နည်းလမ်းများရှာဖွေဆောင်ရွက်သွားရပါမယ်။

ဆေးပညာသင်ကြားရေးစနစ်၊ ဆေးပညာရပ်၊ ဆေးကုထုံးနည်း၊ ဆေးဝါးထုတ်လုပ်ရေးနည်းတွေကို ခေတ်မီတိုးတက်လာအောင်လို့ နိုင်ငံတကာက ပညာရှင်တွေ၊ ဆေးပညာဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရပါမယ်။

တောင်သူလယ်သမားများကို ဥပဒေနဲ့အညီ လယ်ယာလုပ်ပိုင်ခွင့်၊ လယ်ယာပိုင်ဆိုင်ခွင့်ရဖို့ ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပြီး ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ လွတ်လပ်စွာ စိုက်ပျိုးကြိတ်ခွဲရောင်းဝယ်ခွင့်ရဖို့နဲ့ သင့်တော်တဲ့ဈေးနှုန်းများရဖို့ကို ဦးစားပေးဆောင်ရွက်သွားရပါမယ်။

ကမ္ဘာတစ်ဝန်း လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးတက်နေခြင်းကို သတိပြုပြီး အနာဂတ်ကိုရှေးရှုတဲ့ လယ်ယာထွက်ကုန်စီးပွားရေးစနစ်ကို ထူထောင်ဖို့ လိုပါတယ်။

တောင်သူလယ်သမားများရဲ့ နစ်နာဆုံးရှုံးမှုများ၊ ရပိုင်ခွင့်များ၊ ပြဿနာအရေးကိစ္စရပ်များကို တောင်သူလယ်သမားအကျိုးအတွက် လွတ်လပ်စွာဆောင်ရွက်နိုင်ဖို့ ညီညွတ်သောတောင်သူလယ်သမားအဖွဲ့အစည်းများအား ဖွဲ့စည်းခွင့်ပေးသွားရပါမယ်။

အလုပ်သမားများရဲ့ရပိုင်ခွင့်များ အပြည့်အဝရရှိရေးအတွက် အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်းနိုင်ရေး၊ အလုပ်သမားအခွင့်အရေးကို ဥပဒေနဲ့အညီ အကာအကွယ်ရရှိနိုင်ရေးတို့ကို ဆောင်ရွက်သွားရပါမယ်။

အလုပ်သမားတိုင်း တရားမျှတမှု၊ တန်းတူညီမျှမှု၊ အခွင့်အရေးရရှိမှု၊ လုပ်ပျော်သောအလုပ်ခွင်အခြေအနေ၊ တူညီသောအလုပ်အတွက် တူညီသော အခကြေးငွေ ရရှိခွင့်၊ လုပ်ခလစာရရှိခွင့်၊ အလုပ်လက်မဲ့ဖြစ်ခြင်းမှ အကာအကွယ်ရရှိခွင့်ရစေရပါမယ်။

အဓမ္မ အလုပ်စေခိုင်းခြင်းကို တားဆီးပိတ်ပင်ပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) ရဲ့ ပြဋ္ဌာန်းချက်များနဲ့ ညီညွတ်စေရန် အတတ်နိုင်ဆုံး ဆောင်ရွက်သွားရပါမယ်။

လူငယ်တွေဟာ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် တိုင်းပြည်ရဲ့ အဖိုးအတန်ဆုံး အင်အားတွေ ဖြစ်လို့ လူငယ်တွေအတွက် ပညာသင်ကြားရေး အဆင့်အတန်းမြင့်စေဖို့၊ ပွင့်လင်းလွယ်ကူစေဖို့နဲ့ ပညာအဆင့်အတန်းနဲ့ ကိုက်ညီတဲ့လုပ်ငန်းတွေမှာ အလုပ်အကိုင်ရရှိစေဖို့ အားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလုပ်အကိုင်သစ်များ ဖန်တီးပေးရင်းနဲ့ လူငယ်တွေရဲ့ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းဆောင်ရွက်ပေးရပါမယ်။

နိုင်ငံရဲ့အနာဂတ်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ လူငယ်တွေရဲ့စွမ်းရည်တွေကို ဖော်ထုတ်ပြီး နိုင်ငံတည်ဆောက်ရေးမှာ ခိုင်မာတဲ့စွမ်းအားစုအဖြစ် အသုံးပြုသွားပါမယ်။ ကျောင်းသားများကိုယ်တိုင်ဖွဲ့စည်းတဲ့ လွတ်လပ်တဲ့ ကျောင်းသားသမဂ္ဂများကိုလည်း ဥပဒေနဲ့အညီ ခွင့်ပြုသွားရပါမယ်။

နိုင်ငံရဲ့ (၅၀)ရာခိုင်နှုန်းမက အင်အားဖြစ်တဲ့ အမျိုးသမီးများရဲ့ အခွင့်အရေးများကာကွယ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတွင် အမျိုးသမီးများရဲ့ အခန်းကဏ္ဍကို တိုးချဲ့ရေးတို့ကိုလည်း အလေးပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။

ယခု ကျွန်မတင်ပြသွားခဲ့တဲ့ မူဝါဒသဘောတရားတွေ အများအပြားကို ကျွန်မရဲ့ စည်းရုံးရေးခရီးစဉ်များတစ်လျှောက်မှာ ပြောပြီးဖြစ်ပါတယ်။ ဒါတွေက နားထောင်လို့တော့ ကောင်းပါရဲ့၊ တကယ်ပဲအကောင်အထည်ဖော်နိုင်ပါ့မလားလို့ ပြည်သူများက တွေးနေကြမယ်ထင်ပါတယ်။ လွယ်လွယ်နဲ့တော့ ကျွန်မတို့လိုလားတောင့်တနေတဲ့ ပြည်ထောင်စုကြီးထူထောင်ဖို့ မဖြစ်နိုင်ပါဘူး။ ကျွန်မတို့အားလုံး ညီညီညွတ်ညွတ်နဲ့ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာဆိုတဲ့ အောင်မြင်ခြင်းတရားလေးပါးတွေကို ဆုပ်ကိုင်ပြီး ကြိုးစားသွားကြရင်တော့ ဖြစ်နိုင်မယ်လို့ ကျွန်မယုံကြည်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ခက်ခဲတဲ့ အလုပ်တာဝန်တွေကို ဖွဲ၊ လုံ့လနဲ့ လုပ်ခဲ့ရတဲ့ အတွေ့အကြုံတွေ ဆယ်စုနှစ်နဲ့ချီပြီး ရှိလာခဲ့တာပါ။ နိုင်ငံအတွက် နောက်တစ်ဆင့်တိုးပြီး ခက်ခဲတဲ့အလုပ်တွေအောင်မြင်စွာ ထမ်းဆောင်ပေးနိုင်ဖို့ တာဝန်ပေးတဲ့အနေနဲ့ ကျွန်မတို့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်များကို ထောက်ခံရွေးချယ်ကြဖို့ မေတ္တာရပ်ခံပါတယ်။ ကျွန်မတို့ရဲ့ တံဆိပ်ကတော့ အနီရောင်အောက်ခံပေါ်မှာ ရွှေရောင်ခွပ်ဒေါင်းနဲ့ ဝဲဘက်ထိပ်စွန်းနားမှာ ထောင့်ငါးထောင့်ရှိတဲ့ ကြယ်ဖြူကြီးပါပဲ။ “အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်”ဆိုတဲ့ စာတန်းလည်းပါပါတယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို ပြည်သူတွေ မဲပေးကြပါ။

ကျေးဇူးတင်ပါတယ်။

# မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၁၄

**မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဇင်အောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော ပြည်သူလူထုကြီးများခင်ဗျား-**

**မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဖွဲ့စည်းရခြင်းရည်ရွယ်ချက်**

ကျွန်ုပ်တို့သည် ၁၉၈၈ ခုနှစ် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံကာ ရှေ့တန်းမှ ဦးဆောင်ခဲ့သည့် ကျောင်းသားလူငယ်များဖြစ်ပါတယ်။ ထိုစဉ်က ဖြစ်ပေါ်လာသော ပါတီစုံဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ရည်ရွယ်ချက်မရှိဘဲ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်လိုသော ကျောင်းသားလူငယ်များ ဖြတ်သန်းသွားရန်အတွက် ပေါင်းကူးတံတားသဖွယ်အသုံးပြုနိုင်ရန် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို (၈၈)ကို ဦးဆောင်ခဲ့သော ကျောင်းသားခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်ဖြင့် ထူထောင်ခဲ့ခြင်းဖြစ်ပါတယ်။ ထို့ကြောင့်လည်း ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်ခဲ့သော နိုင်ငံရေးပါတီအားလုံး၏ အမာခံကျောရိုးဖြစ်ခဲ့ပြီး ဒုတိယအင်အားအကြီးဆုံး ပါတီလည်းဖြစ်ပါတယ်။

ကျွန်ုပ်တို့ကြိုးပမ်းခဲ့သော ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကြိုးပမ်းမှုခေါင်းစဉ်အောက်မှ ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးကြိုးပမ်းမှုခေါင်းစဉ်အောက်သို့ အသိမဲ့ပါဝင်ခဲ့ရပြီး လွတ်မြောက်ရေးကြိုးပမ်းမှု အကောင်အထည်ဖော်ရာတွင် ရှေ့တန်းမှ ပါဝင်ခဲ့ရပါတယ်။

ကျွန်ုပ်တို့မျှော်မှန်းတမ်းတခဲ့ရသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်မှာ ထိုမူဝါဒအမှားများကြောင့် နှစ်ပေါင်း(၂၀)ကျော်နီးပါး နှောင့်နှေးကြန့်ကြာခဲ့ရပါတယ်။ ဘုံရန်သူထားရှိသည့် မူဝါဒမှာ ငါနှင့်မတူ ငါ့ရန်သူအဖြစ် သဘောထားသည့် ဘုံဝါဒနှင့် အာဏာရှင်ဗဟိုဦးစီးစနစ်အတွက်သာလျှင် ခွန်အား(သို့) မောင်းနှင်အား ဖြစ်စေပြီး ဒီမိုကရေစီအင်အားစုများအတွက် ပါတီစုံဒီမိုကရေစီစနစ်၏ အနှစ်အရသာများဖြစ်သည့် အပြိုင်အဆိုင်ယှဉ်ပြိုင်ခွင့်၊ သဘောထားကွဲခွင့်၊ အတိုက်အခံပြုခွင့်စတဲ့ ဒီမိုကရေစီအခွင့်အရေးများ ဆိတ်သုဉ်းသွားကြောင်း အထင်အရှားမြင်တွေ့ခဲ့ပြီလည်းဖြစ်ပါတယ်။

ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးကြိုးပမ်းမှုခေါင်းစဉ်ကြောင့် တပ်မတော်ကို နိုင်ငံရေးထွက်ပေါက်မပေးဘဲ သမိုင်းတရားခံများ ဖြစ်စေရန်အတွက် ကျွန်ုပ်တို့၏ ကြိုးပမ်းမှုများသည် အမျိုးသားအချင်းချင်းပဋိပက္ခကို ပိုမိုကြီးထွားစေပြီး နောက်ဆုံး၌ ထိုမူဝါဒအမှားများကြောင့် ပြည်သူလူထုနှင့် ကျွန်ုပ်တို့သာလျှင် အရှုံးပေါ်ခဲ့ပြီး ပါတီ၏ မြေပေါ်၌ တရားဝင်ရပ်တည်ခွင့်များပါ ဆုံးရှုံးသွားခဲ့ရပါတယ်။ ပြည်တွင်း၌ တရားဝင်ရှင်သန်ခြင်းမရှိဘဲ ပြည်သူအကြားပြည်သူနှင့်အတူ လက်တွဲဆောင်ရွက်သွားနိုင်ခြင်းမရှိသည့် နိုင်ငံရေးပါတီမှာ တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ဆောင်ရွက်နိုင်စွမ်းရှိလိမ့်မည်မဟုတ်ဘဲ နောက်ဆုံး၌ လုံးပါးပါးကာ သမိုင်းတရားခံဘဝသို့ ဆိုက်ရောက်ရန်သာ ရှိပါတယ်။

ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်ရေးအကျိုးစီးပွား၊ အာဏာရရှိရေးအကျိုးစီးပွားများအပေါ်၌ အခြေခံထားခြင်းမရှိဘဲ တိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားအပေါ်၌သာ အခြေခံကာ ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့သူများဖြစ်သည့်အတွက် မူဝါဒအမှားများကို စွန့်လွှတ်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အနှစ်(၂၀)ကျော်နီးပါး နေထိုင်လာခဲ့ရသည့် အခြေအနေများမှ လွတ်မြောက်စေကာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများ ဆက်လက်ရှင်သန်ဖွံ့ဖြိုးလာစေရန်။

ကျွန်ုပ်တို့သည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကြိုးပမ်းမှုများ၏ နိုင်ငံရေးစစ်တလင်း မီးလောင်တိုက်အတွင်းမှ ဖြတ်သန်းခဲ့ရပြီး အသက်မသေကြွင်းကျန်ခဲ့သည့်သူများဖြစ်သည်နှင့်အညီ ပကတိနိုင်ငံရေးဖြစ်စဉ်များ၏ အမှားအမှန်ကို ရဲဝံ့ပြတ်သားစွာ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အနှစ်(၂၀)ကျော် အချိန်ကာလအတွင်း တန်ဖိုးမဖြတ်နိုင်သည့် နိုင်ငံရေးအသိ အနှစ်သာရမှာ ငါဆိုတဲ့အတ္တကိုချိုးနှိမ်ပြီး အမျိုးသားအချင်းချင်း သင့်မြတ်မှုမရှိသမျှကာလပတ်လုံး တိုင်းပြည်နှင့် ပြည်သူလူထု၏ ဒုက္ခအပေါင်းကို မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်း ဝါဒစနစ်မျိုးကမှ ကယ်တင်နိုင်စွမ်းမရှိဆိုသော နိုင်ငံရေးအသိပင်ဖြစ်ပါတယ်။

ကျွန်ုပ်တို့သည် ပါတီစုံဒီမိုကရေစီ အသွင်ကူးပြောင်းရေးကြားကာလတွင် တပ်မတော်၏ ဦးဆောင်မှုနောက်မှ တစ်မျိုးသားလုံးနှင့် အတူလိုက်ပါခဲ့ရခြင်းဖြစ်ပြီး ရှေ့မှဦးဆောင်ခဲ့သော တပ်မတော်၏ နိုင်ငံရေးထွက်ပေါက်ကို ပိတ်ဆို့မိခဲ့သည့်အတွက် ပြည်သူလူထုနှင့်အတူ ကျွန်ုပ်တို့သည်လည်း နိုင်ငံရေးထွက်ပေါက် ပိတ်ခဲ့ရပါတယ်။ ထိုအခြေအနေမှ သူနိုင်ကိုယ်နိုင်ဖြစ်စေမည့် (Win-Win) သီအိုရီနည်းအတိုင်း တပ်မတော်ကို နိုင်ငံရေးထွက်ပေါက်ပေးခြင်းသည် ကျွန်ုပ်တို့အတွက် နိုင်ငံရေးထွက်ပေါက်ရခြင်းပင်ဖြစ်သည့်အတွက် ကျွန်ုပ်တို့ကြောင့် တပ်မတော်အပေါ် ဒေါသမီးများ တောက်လောင်လာခဲ့သည့် ပြည်သူလူထုနှလုံးသားအတွင်းမှ ဒဏ်ရာဒဏ်ချက် ဒေါသမီးများကို ကျွန်ုပ်တို့ကိုယ်တိုင် ငြိမ်းသတ်နိုင်ရန်အလို့ငှာ ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန်ရေး၊ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်များကို စွန့်လွှတ်ပြီး တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်သော အမျိုးသားသင့်မြတ်ရေးကို တပ်မတော်အား မဏ္ဍိုင်ပြု၍ ဆက်လက်တည်ဆောက်သွားနိုင်ရန်အတွက် လည်းကောင်း။

နှစ်ပေါင်း (၂၀)နီးပါး ပြည်ပနိုင်ငံအသီးသီးသို့ တိမ်းရှောင်ရောက်ရှိနေသော ညီအစ်ကိုတော် လုပ်ဖော်ကိုင်ဖက်များ (ယနေ့ဆိုလျှင် အသိပညာရှင်၊ အတတ်ပညာရှင်ဖြစ်နေသူများ)ဂုဏ်သိက္ခာရှိရှိဖြင့် အမိမြေသို့ ပြန်လည်ဝင်ရောက်ကာ မိမိတို့ခင်းကျင်းဖောက်လုပ်ထားသော လမ်းကြောင်းပေါ်သို့ မိမိတို့နှင့်အတူ လက်တွဲ၍ တိုင်းကျိုးပြည်ကျိုးများ ဆောင်ရွက်နိုင်ရန်နှင့် အကျဉ်းထောင်အသီးသီးတွင် အကျဉ်းချခံထားရသော မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များကိုလည်း အမြန်ဆုံးလွတ်မြောက်စေကာ ဒီမိုကရက်တစ် လူ့ဘောင်အဖွဲ့အစည်း ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့နှင့်အတူ လက်တွဲ၍ တိုင်းကျိုးပြည်ကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ရန်အတွက် ရည်ရွယ်ကာ မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီကို ထူထောင်ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

## မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ မူဝါဒလမ်းစဉ်

ကျွန်ုပ်တို့သည် ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန်ရေး၊ အလုံးစုံပျက်သုဉ်းရေး မူဝါဒလမ်းစဉ်များဖြင့် တပ်မတော်အစိုးရကို ပြည်သူလူထုနှင့် ရန်တိုက်ပေးခဲ့ပြီး ပြည်သူလူထုရင်ထဲ၌ ဒဏ်ရာဒဏ်ချက်များ ရရှိစေကာ ဒေါသမီးများ တောက်လောင်စေခဲ့ပြီး ထိုဒေါသမီးကို အသုံးချလျက် တပ်မတော်ကို ရန်ပြု၍ အနိုင်ရရှိခဲ့သည့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်မှာ တိုင်းပြည်နှင့် ပြည်သူလူထုအတွက် ဆိုးကျိုးများသာလျှင် ဖြစ်ပေါ်စေခဲ့ကြောင်းကို လက်တွေ့သင်ခန်းစာရယူပြီး အမျိုးသားအချင်းချင်း သင့်မြတ်ရေးမရှိသမျှကာလပတ်လုံး မည်သည့်ပုဂ္ဂိုလ်၊ ပါတီ၊ အဖွဲ့အစည်း၊ ဝါဒစနစ်မျိုးကမှ ပြည်သူလူထု၏ ဒုက္ခအပေါင်းကို ကယ်တင်နိုင်လိမ့်မည်မဟုတ်ဟု ယုံကြည်ပါတယ်။

ထို့ကြောင့် ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေးကို လျစ်လျူရှုခြင်းမပြုသည့် အမျိုးသားသင့်မြတ်ရေးကို ကျွန်ုပ်တို့၏ မူဝါဒအဖြစ်ချမှတ်လျက် လက်ဝဲလက်ယာ အစွန်းရောက်အယူအဆများကိုမကျင့်သုံးဘဲ မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ဖြင့် ကျင့်သုံးသွားမည်ဖြစ်ပါတယ်။ တစ်ဦးကောင်း တစ်ယောက်ကောင်း မူဝါဒလမ်းစဉ်ကို လက်မခံဘဲ ပါတီတွင်းဒီမိုကရေစီကျင့်စဉ်များကို လေးစားလိုက်နာသွားမည်ဖြစ်ပါတယ်။

ကျွန်ုပ်တို့သည် လူပုဂ္ဂိုလ်ပေါ်တွင် အခြေမခံဘဲ မူဝါဒလမ်းစဉ်များအပေါ် အခြေခံကာ တဖြည်းဖြည်း တရွေ့ရွေ့ ပြောင်းလဲမှုဖြစ်စဉ်ဖြင့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရက်တစ်လူ့ဘောင်သစ်အဖွဲ့အစည်းကို ရှင်သန်လာစေရန် ကြိုးပမ်းသွားမယ်။

## တပ်မတော်နှင့် နိုင်ငံရေးပါတီအပေါ် ထားရှိသည့် မူဝါဒ

- ကျွန်ုပ်တို့သည် အမျိုးသားသင့်မြတ်ရေးအတွက် တပ်မတော်ကို မဏ္ဍိုင်ပြု၍ တည်ဆောက်သွားမည်ဖြစ်ပြီး တပ်မတော်ကို ကျွန်ုပ်တို့၏ မိတ်ဆွေကောင်းအဖြစ် သဘောထားမယ်။
- ကျွန်ုပ်တို့နှင့် ရည်ရွယ်ချက်၊ ဦးတည်ချက်၊ မူဝါဒတူသည့် နိုင်ငံရေးအင်အားစုများနှင့် မိတ်ဆွေအဖြစ် သဘောထားကာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် လက်တွဲဆောင်ရွက်သွားမယ်။
- ကျွန်ုပ်တို့နှင့် ရည်ရွယ်ချက်၊ ဦးတည်ချက်၊ မူဝါဒလမ်းစဉ် ကွဲပြားခြားနားသည့် နိုင်ငံရေးပါတီများကို ရန်သူအဖြစ်သဘောမထားဘဲ ကျွန်ုပ်တို့၏ပြိုင်ဘက်သဖွယ် သဘောထားကာ တရားသဖြင့် ယှဉ်ပြိုင်သွားမယ်။
- ကျွန်ုပ်တို့သည် လွတ်လပ်စွာ ပြောဆိုဝေဖန်ခွင့်၊ ကိုးကွယ်ယုံကြည်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများနှင့် ဒီမိုကရေစီရေးတို့အတွက် အခြေခံအုတ်မြစ်ဖြစ်သော ကျောင်းသားသမဂ္ဂများ၊ အလုပ်သမားသမဂ္ဂများ၊ လယ်သမားသမဂ္ဂများ ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကဆောင်ရွက်သွားမည့် မူဝါဒထားရှိလျက် ထိုသမဂ္ဂများကို နိုင်ငံရေးပါတီများ၏ အသုံးချခံဘဝသို့ ရောက်ရှိမသွားစေရန် ကာကွယ်သွားမယ်။

## လူငယ်မူဝါဒ

ကျွန်ုပ်တို့ပါတီတွင် အသက်(၁၈)နှစ်ပြည့်မြောက်ပြီးသူများကိုသာလျှင် ပါတီဝင်အဖြစ် လက်ခံသွားမည်ဖြစ်ပြီး အသက်(၂၃)နှစ်အောက်ကို လူငယ်အဖြစ် သတ်မှတ်သွားမည်ဖြစ်ပါတယ်။ လူငယ်များကို လက်တိုလက်တောင်းခိုင်းရန်မဟုတ်ဘဲ အနာဂတ်ကာလခေါင်းဆောင်မှု အခန်းကဏ္ဍ၌ တာဝန်ယူနိုင်ရန်အတွက် ပြုစုပျိုးထောင်သွားမည်ဖြစ်ပါတယ်။ အသက်(၂၃)နှစ်ထက် ကျော်လွန်ပါက ပါတီတွင်းလူကြီးလူငယ် မခွဲခြားဘဲ အရည်အချင်းရှိလျှင် ရှိသည့်အလျောက် ဒီမိုကရေစီနည်းလမ်းအရ တာဝန်များကို ရယူနိုင်စေရန်။

## တိုင်းရင်းသားရေးရာမူဝါဒ

ကျွန်ုပ်တို့သည် လူများစု၏ဆန္ဒများကို လေးစားလိုက်နာပြီး လူနည်းစုဆန္ဒကိုလည်း လျစ်လျူရှုခြင်းမရှိသည့် ဒီမိုကရေစီကျင့်စဉ်များကို အစဉ်လေးစားလျက် ပြည်သူလူထုကြား၌လည်း ရှင်သန်လာစေရန်အတွက် ကြိုးပမ်းသွားမည်ဖြစ်ပြီး အသား အရောင်၊ လူမျိုးရေး၊ ဘာသာရေးခွဲခြားခြင်းမရှိသော်လည်း လူနည်းစုတိုင်းရင်းသားလူမျိုးစုများ၏ အရေးကို အထူးဦးစားပေးသည့် မူဝါဒကို ထားရှိသွားမယ်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးဟာ အတိတ်သမိုင်းကို ဝေဖန်ဆန်းစစ်မှု မရှိဘူးဆိုရင် အတိတ်ကမှားခဲ့ဖူးတဲ့ ကြမ္မာဆိုးကို လက်ယပ်ခေါ်နေသလို ဖြစ်တတ်တယ်။



အတိတ်ကဖြစ်ခဲ့တဲ့ နိုင်ငံရေး ပဋိပက္ခဖြစ်စဉ်ရဲ့ တရားခံအစစ်ဟာ ငါဆိုတဲ့ အတ္တတွေ လွန်ကဲခဲ့ကြလို့ပဲ ဖြစ်ပါတယ်။

အဲဒီလွန်ကဲတဲ့ အတ္တတွေကြောင့် တိုင်းပြည်နဲ့လူမျိုးအတွက် ဘယ်လိုမှ ပြန်လည်အစားထိုးမရနိုင်တဲ့ ဆုံးရှုံးနစ်နာမှုတွေ ဖြစ်ခဲ့ရတယ်။

ဆရာဝန်တစ်ယောက် ဆေးထိုးမှားတာ၊ ဆေးမှားတာဟာ လူနာတစ်ယောက်တည်းသာလျှင် သေနိုင်တယ်။ နိုင်ငံရေးခေါင်းဆောင်တစ်ယောက်ရဲ့ အမှားဟာ လူအသက်ပေါင်း၊ ဘဝပေါင်းများစွာကို သေကျေပျက်စီးစေနိုင်တဲ့အတွက် အတ္တကြီးနေသူတွေကို မီးလောင်ရာလေပင့်မလုပ်ဖို့ တောကြောင်တွေ လက်ခမောင်းခတ်လို့မရအောင် အမြော်အမြင်ရှိရှိ မဲပေးကြဖို့ပဲ လိုပါတယ်။

မကြာမီကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲဟာ အမတ်နေရာ (၄၈)နေရာအတွက် ကျင်းပတဲ့ ရွေးကောက်ပွဲဖြစ်လို့ ရာခိုင်နှုန်းအားဖြင့် အလွန်နည်းပါးတယ်။ ဒါပေမယ့် နိုင်ငံရေးအရကတော့ အလွန့်အလွန်ကို အရေးပါပါတယ်။ ဘာ့ကြောင့်လဲဆိုရင် အားလုံးပါဝင်လာတဲ့ နိုင်ငံရေးဖြစ်စဉ်ဖြစ်နေလို့ပဲဖြစ်ပါတယ်။

ဖျက်သိမ်းခံရတဲ့ NLD အပါအဝင် ဖျက်သိမ်းခံရတဲ့ ကျွန်တော်တို့မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီလည်းပဲ ပါဝင်လာနိုင်ခဲ့တဲ့အတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီ မြေပေါ်မှာ ဂုဏ်သိက္ခာရှိရှိ ပြန်လည်ရပ်တည်နိုင်ခဲ့တဲ့အတွက် ပြည်ပမှာ ရောက်ရှိနေတဲ့ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ဟောင်း မိုးသီးဇွန်အပါအဝင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ (ABSDF) ကျောင်းသားတပ်မတော်စတဲ့ ကျောင်းသားခေါင်းဆောင်အဖွဲ့နဲ့ ယနေ့နိုင်ငံတော်အစိုးရက မတရားအသင်းကြေညာထားတာတွေကို ဖျက်သိမ်းပြီး တွေ့ဆုံဆွေးနွေးပွဲတွေ ပြုလုပ်နေကြပြီဖြစ်ပါတယ်။

ငါဆိုတဲ့အတ္တတွေ ရှေ့တန်းမတင်ဘဲ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အဓိကထားဦးစားပေးမယ်ဆိုရင် မြန်မာ့နိုင်ငံရေး တည်ငြိမ်လာမယ်။ နိုင်ငံရေးတည်ငြိမ်မှ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ တိုင်းပြည်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတွေ ရရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် မကြာမီကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲဟာ နိုင်ငံရေးအရ နိုင်ငံအသီးသီးက ခေါင်းဆောင်တွေပြောနေကြတဲ့ အားလုံးပါဝင်နိုင်တဲ့ နိုင်ငံရေးဖြစ်စဉ်ဖြစ်ဖို့ ပြည်သူလူထုရဲ့ ဆုံးဖြတ်ချက်ဟာ အနာဂတ်မြန်မာနိုင်ငံရေးကို ကြီးမားတဲ့ အကျိုးသက်ရောက်မှုတွေဖြစ်ပေါ်လာမှာဖြစ်တဲ့အတွက် အခု ကျွန်တော်တို့ ပါတီ ဝင်ရောက်ယှဉ်ပြိုင်တဲ့ လှည်းကူးမြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ သုံးခွမြို့နယ်မှာ ကျွန်တော်တို့ပါတီကို လွှတ်တော်ထဲမှာ ပါဝင်လာနိုင်ဖို့ မဲပေးဖို့ လိုပါတယ်။

ဒီမိုကရေစီနုနယ်သေးတဲ့ မြန်မာ့နိုင်ငံရေးမှာ အုပ်စုနှစ်စုအားပြိုင်မှုအပေါ်မှာ အခြေခံထားလို့ မတည်ငြိမ်နိုင်ဘူးဆိုတာ အတိတ်ကပဋိပက္ခဖြစ်စဉ်တွေကို ဆန်းစစ်ကြည့်ရင်သိမြင်နိုင်ပါတယ်။ အုပ်စုနှစ်စုအားပြိုင်မှုမှာ မြန်မာ့နိုင်ငံရေးဟာ ဘယ်တော့မှ မတည်ငြိမ်နိုင်ဘူးလို့ ပြောနိုင်ပါတယ်။

မြန်မာ့နိုင်ငံရေးကို အားပြိုင်နေတဲ့ ဘက်နှစ်ဖက် ဒေါက်နှစ်ဒေါက်တည်း တည်ငြိမ်အောင်မလုပ်နိုင်လို့ ဒေါက်သုံးဒေါက် ဖိုခုံလောက်ဆိုင် ထောက်ကန်ပေးနိုင်မှသာ မြန်မာ့နိုင်ငံရေးတည်ငြိမ်နိုင်မှာဖြစ်တယ်။

ဒါ့ကြောင့် ဒီမိုကရေစီလူ့အခွင့်အရေးတွေအတွက် အဆက်မပြတ် ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့ပြီး သမိုင်း(Process) ကွင်းဆက်ရှိတဲ့ပါတီ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အမြော်အမြင်ရှိရှိ ရှေ့တန်းက ဦးဆောင်ကြိုးပမ်းခဲ့တဲ့ လူ့ဘောင်သစ်ပါတီကို သုံးပွင့်ဖိုခုံလောက်ဆိုင် နောက်ထပ်ဒေါက်တစ်ဒေါက်အဖြစ် ရွေးချယ်ပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

ကျွန်တော်တို့လိုလားတဲ့ ဒီမိုကရေစီစနစ်ဆိုတာ တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပြည်သူ့အကျိုးစီးပွားအတွက် အပြိုင်အဆိုင်လုပ်နိုင်ဖို့၊ အပြန်အလှန် (Check & Balance)ထိန်းကျောင်းနိုင်ဖို့ ကျွန်တော်တို့အတွက် ဒီမိုကရေစီကို ကြိုးပမ်းခဲ့တာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ယှဉ်ပြိုင်တဲ့ (၃)နေရာမှာ အနိုင်ရတာနဲ့ အဲဒီအင်အားကြီးတောကြောင်တွေ ဝန်းရံနေတဲ့ နိုင်ငံရေးပါတီတွေကို ပြည်သူလူထုကိုယ်စားထိန်းကျောင်းသွားနိုင်မှာဖြစ်တဲ့အတွက် ကိုယ့်ဒေသတစ်ခုတည်းအတွက်သာမက တိုင်းပြည်နဲ့ပြည်သူလူထုအတွက် အကျိုးစီးပွားဖြစ်စေမယ်လို့ အာမခံပါတယ်။

ပြည်ပနိုင်ငံအသီးသီးမှာရောက်ရှိနေတဲ့ ကျွန်တော်တို့ညီအစ်ကိုတော် လုပ်ဖော်ကိုင်ဖက်များ အမိမြေသို့ ဂုဏ်သိက္ခာရှိရှိ ပြန်ရောက်လာနိုင်တာကို မြင်ချင်ရင် ကျွန်တော်တို့မြန်မာ့လူ့ဘောင်သစ်ကို မဲပေးပါ။

အကျဉ်းထောင်တွေထဲမှာ ကြွင်းကျန်နေသေးတဲ့ လုပ်ဖော်ကိုင်ဖက်တွေ အမြန်ဆုံးပြန်လည်လွတ်မြောက်စေလိုလျှင် လူ့ဘောင်သစ်ကို မဲပေးပါ။

ဘက်နှစ်ဖက်အားပြိုင်နေတဲ့ မြန်မာ့နိုင်ငံရေးကို တည်ငြိမ်စေလိုလျှင် လူ့ဘောင်သစ်ကို မဲပေးပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

# ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

# လူမှုဖူလုံရေးဥပဒေတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း လွှတ်တော်က အတည်ပြု

နေပြည်တော် မတ် ၁၄

**ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၃၃)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ လွှတ်တော်သို့ အသိပေးခြင်း၊ မေးခွန်း(၈)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အမျိုးသားလွှတ်တော်က **အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကြမ်း**ကို မတ် ၁၂ ရက်တွင် ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့ထားကြောင်း၊ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေဖြင့် ဆွေးနွေးလိုသည့် အကြောင်းအရာဖော်ပြထားသော အကြောင်းကြားစာကို လက်မှတ်ရေးထိုးပြီး မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထားပေးပို့ရန်ဖြစ်ကြောင်း သိရသည်။

**မေးခွန်းများမေးမြန်းခြင်းကဏ္ဍ**၌ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏ **မြန်မာ့ရိုးရာပန်းပညာရှင်များအစည်းအရုံးကို ဒီမိုကရေစီနည်းကျကျ အများဆန္ဒသဘောဖြင့် မဲပေးရွေးချယ်ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ၊ ပန်းချီပြပွဲများကျင်းပရာ၌ ပါဝင်သူပန်းချီဆရာတိုင်း၏ ကိုယ်ရေးအကျဉ်းများကို တင်ပြရာတွင် အခက်အခဲရှိသဖြင့် တာဝန်ခံကျင်းပသူ ပန်းချီဆရာအပေါ် ထိုက်သင့်သလောက် စည်းကမ်းချက်များကို လျှော့ပေါ့ပေးရန် ဖြစ်နိုင်/မဖြစ်နိုင်၊ ပန်းပုလောက တိုးတက်လာစေရန်အတွက် ပန်းပုပညာရှင်များ အစည်းအရုံးကို သီးခြားဖွဲ့စည်းပေးရန် ဖြစ်နိုင်/မဖြစ်နိုင်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က မြန်မာ့ရိုးရာပန်းပညာရှင်များ အစည်းအရုံးတွင် လက်ရှိတာဝန်ယူထားသော အလုပ်အမှုဆောင်အဖွဲ့အစည်းမှာ ၂၀၀၇ ခုနှစ် ဇွန်လက ကျင်းပခဲ့သော ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးမှ ရွေးချယ်တင်မြှောက်ခဲ့သော အဖွဲ့အစည်းဖြစ်ပါသဖြင့် ယနေ့အချိန်တွင် တာဝန်ထမ်းဆောင်သည့် ကာလ(၄)နှစ်နှင့် (၇)လရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် (၄) နှစ်လျှင် တစ်ကြိမ်ကျ ရွေးချယ်တင်မြှောက်သည့် ဖွဲ့စည်းပုံစည်းမျဉ်းအရ သတ်မှတ်ချိန်ကျော်လွန်ခဲ့ပြီးဖြစ်သဖြင့် ၂၀၁၂ ခုနှစ် မတ်လတွင် ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးကို ပြန်လည်ခေါ်ယူပြီး အလုပ်အမှုဆောင်အသစ်များကို ဒီမိုကရေစီနည်းကျကျ အများဆန္ဒသဘောထားဖြင့် ရွေးချယ်ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍** ပန်းချီပြပွဲများတွင် ပါဝင်ရေးဆွဲသူပန်းချီဆရာများ၏ ကိုယ်ရေးအကျဉ်းများမှာ အမည်၊ အဖအမည်၊ အသက်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ပန်းချီကားအရေအတွက်၊ ပန်းချီကားအမည်စာရင်း စသည့်အကြောင်းအရာများသာဖြစ်ပြီး ယင်းသို့ တောင်းခံရခြင်းမှာလည်း ပန်းချီပြပွဲအတွက် လိုအပ်သည်များ ဆက်သွယ်ဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းအရ တောင်းခံခြင်းသာဖြစ်ပါကြောင်း၊ အဆိုပါ အချက်အလက်များမှာ ပန်းချီပြပွဲတစ်ခုကို စနစ်တကျ ပြသနိုင်ရေးအတွက် အထောက်အကူပြုသော အချက်အလက်များသာဖြစ်ပါကြောင်း၊ အကယ်၍ စည်းကမ်းချက်များကို လျှော့ပေါ့ပေးရမည်ဆိုပါက ပန်းချီကားအရေအတွက်နှင့် ပန်းချီကားအမည်စာရင်းများကို ကြိုတင်တင်ပြရန် အခက်အခဲရှိပါက ယင်းအချက်ကို ထည့်သွင်းတင်ပြရန်မလိုဘဲ လျှော့ပေါ့ဆောင်ရွက်ပေးနိုင်ပါကြောင်း။

**တတိယမေးခွန်းနှင့်စပ်လျဉ်း၍** ၁၉၉၂ ခုနှစ်တွင် မြန်မာနိုင်ငံ ရိုးရာပန်း(၁၀)မျိုး ပညာရှင်များ ပါဝင်သည့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ကို ဖွဲ့စည်းခဲ့ပြီး ပန်း(၁၀)မျိုးပညာရပ်များ တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပန်း(၁၀)မျိုးပညာရှင်များက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ပန်းပုလောကတိုးတက်စေရန် နိုင်ငံတော်အဆင့် ရိုးရာပန်းပုပြပွဲ၊ ပြိုင်ပွဲများကိုလည်း ဗဟိုကဦးစီးပြီး အခါအားလျော်စွာ ကျင်းပပေးလေ့ရှိခဲ့ပါကြောင်း၊ ဗဟိုအစည်းအရုံးသည် ပန်းပုလောကသာမက ကျန်ရိုးရာပန်းပညာရပ်များကိုပါ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအမံဖြင့် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ အစဉ်အလာအားဖြင့် ရိုးရာပန်း(၁၀)မျိုးပညာရပ်သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နီးနွှယ်လျက်ရှိသော်လည်း ပန်းပုလောကတိုးတက်ရေးအတွက် ပန်းပုပညာရှင်များအစည်းအရုံးကို သီးခြားဖွဲ့စည်းပေးရန်ကိစ္စနှင့်ပတ်သက်၍ ပန်းပုလောကသားများ၏ဆန္ဒအရသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်း(၃)ခုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်က ပြန်လည်ဖြေကြားသည်။

ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ပုသိမ်-ငပုတောလမ်းပေါ်ရှိ သက္ကယ်ချောင်းမြစ်ကူးတံတား ရေလယ်တိုင်အကျယ်ပေ (၂၄၀)အဖြစ် ပြောင်းလဲပြင်ဆင်ပေးမည့် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သက္ကယ်ချောင်းတံတား၏ ရေလမ်းကင်းလွတ်အမြင့်အား ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့နှင့် ညှိနှိုင်း၍ သုံးထပ်သင်္ဘောများ လွတ်ကင်းအောင် ပေ(၄၀) ထားရှိဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံခြားသုံးငွေသက်သာစေရေး၊ အချိန်တိုအတွင်း ပြီးစီးရေးအတွက် ပြည်တွင်းမှ အရှည်ဆုံးထုတ်လုပ်နိုင်သော သံမဏိရက်မများအသုံးပြု၍ ရေလယ်တိုင်အကျယ်အား ပေ(၁၂၀)ဖြင့် လည်းကောင်း၊ သင်္ဘောများ အစုန်အဆန်သွားလာနိုင်အောင် ရေလမ်းကြောင်း (၂)ပေါက်ထားရှိ၍ လည်းကောင်း စီစဉ်ခဲ့ပါကြောင်း။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်ရေနက်ဆိပ်ကမ်း၊ အထူးစီးပွားရေးဇုန်စီမံကိန်းများအား ဆောင်ရွက်ရန်စီစဉ်လျက်ရှိရာ ပုသိမ်မြို့သို့ ဝင်ပေါက်တစ်ခုဖြစ်သော သက္ကယ်ချောင်းအတွင်း တိုးတက်များပြားလာမည့် ခေတ်မီသင်္ဘောကြီးများကိုရည်ရွယ်ပြီး သက္ကယ်ချောင်းတံတား၏ ရေလယ်ခန်းဖွင့်အား မူလပေ(၁၂၀)မှ ပေ(၂၄၀) အကျယ် သံပေါင်တံတားအဖြစ် တည်ဆောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင်၏ **ချီဖွေ-ဆော့လော်မော်တော်ကားလမ်းအရှည် (၃၄) မိုင်ကို ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်အတွင်းရှိ ချီဖွေ-ဆော့လော်လမ်းပိုင်းသည် ချီဖွေ-ဆော့လော်-မန်ကျီ-ဝဲလ်တန်လမ်းတွင်ပါဝင်ပြီး (၃၅)မိုင် ရှည်လျားပါကြောင်း၊ ၃၁-၅-၂၀၁၁ ရက် အထိ လမ်းအခြေအနေမှာ အမာခံလမ်း(၁၅)မိုင်၊ မြေလမ်း မိုင်(၂၀) စုစုပေါင်း(၃၅)မိုင် ဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ရာသီမရွေးလမ်းချောမွေ့စွာ သွားလာနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မူလအမာခံလမ်း (၁)မိုင် (၄)ဖာလုံအား(၁၂)ပေအကျယ်ကတ္တရာလမ်းဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း(၂၅၀)လျာထားတင်ပြထားပါကြောင်းနှင့် အမာခံလမ်းအဆင့်သို့ ရောက်ရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျောက်၏ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်-မိုင်းခုတ်-မိုင်းဆတ် လမ်းပေါ်ရှိ နမ့်လုံချောင်းဖြတ်ကူးသည့်(၁၂)ပေအကျယ်၊ ပေ(၂၄၀) အရှည်(၁)လွှာ (၁)ထပ် ဘေလီတံတားသည် ဟောင်းနွမ်းယိမ်းယိုင်နေပြီဖြစ်ပါသဖြင့် ရေတိုက်စားခြင်းမှ ကာကွယ်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ၎င်းတံတားအား ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပြီး နောက်တစ်နှစ်တွင် နမ့်လုံချောင်းရေကြီးမှုဖြစ်ပေါ်ခဲ့ရာ တံတား၏ ဝမ်ပုံရွာဘက်ခြမ်းရှိ ရေလယ်တိုင် ရေဆန်ဘက်အပိုင်းမှာ နိမ့်ကျွံသွားခဲ့ပါကြောင်း၊ တံတား၏ ရေလယ်တိုင်နိမ့်ကျမှုကြောင့် အောက်ခံကွန်ကရစ်နှင့် ဘေလီတံတားကြား ဟသွားသည့်နေရာ၌ သစ်မာတုံးများဖြင့် ခုပေးခဲ့ရာ ၂၀၀၄-၂၀၀၅ ခုနှစ်၌ (၆)လက်မထုခန့် ခုပေးပြီး ယခုနှစ်၌ (၁)ပေ (၃)လက်မထုခန့်အထိခု၍ ပြင်ဆင်ပေးခဲ့ရပါကြောင်း။

၂၀၀၄-၂၀၀၅ ခုနှစ်တွင် နမ့်လုံချောင်းရေကြီးမှုမှာ များပြားကြီးမားခဲ့ပြီး တံတားအထက် (၃)ဖာလုံကျော် အကွာမှစ၍ ရေလမ်းကြောင်းများပြောင်း၍ စီးဆင်းခဲ့ပါကြောင်း၊ ဂငယ်ပုံရေစီးဆင်းခဲ့မှုမှာ တံတားအထက်(၃)ဖာလုံကျော်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တံတားနှင့်သက်ဆိုင်ခြင်းမရှိသော်လည်း တံတားအဝင် ရေလမ်းကြောင်းဖြောင့်စေရန်အတွက် မိုင်းဖြတ်မြို့နယ် ဆောက်လုပ်ရေးက ၂၀၀၈ ခုနှစ်တွင် တစ်ကြိမ်၊



**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။** (သတင်းစဉ်)

၂၀၁၀ ပြည့်နှစ်တွင် တစ်ကြိမ် မြေတူးစက်ဖြင့် တူးဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

တံတားအဝင် ရေလမ်းကြောင်းဖြောင့်ခြင်းလုပ်ငန်းအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝမ်ပုံဘက်အပိုင်း၌ တံတားရေလယ်တိုင် ပြန်လည်တည့်မတ်၍ ပြုပြင်ဆောက်လုပ်ခြင်းအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းရန်ပုံငွေ တင်ပြတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့်ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာမေးခွန်း(၄)ခုနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ပြန်လည်ဖြေကြားသည်။

လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဘဌေး၏ **လေးမျက်နှာမြို့တွင် လိုအပ်လျက်ရှိသော လူ(၁၀၀၀)ဆံ့ မြို့နယ်ခန်းမတည်ဆောက်ပေးနိုင်မှု အခြေအနေ ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လက်ရှိတွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်းရှိ အစည်းအဝေးခန်းမကို မြို့နယ်ခန်းမဆောင်အဖြစ် အသုံးပြုလျက်ရှိပြီး အလျား(၁၄၇)ပေ၊ အနံပေ(၇၀)၊ အမြင့်(၁၉)ပေရှိ တစ်ထပ်သံကူကွန်ကရစ် မြို့နယ်ခန်းမဆောင် အသစ်ဆောက်လုပ်ပါက ခန့်မှန်းကုန်ကျငွေမှာ ငွေကျပ်(၂၀၃ ဒသမ ၅)သန်းခန့် ဖြစ်ပါကြောင်း၊ ခန့်မှန်းကုန်ကျငွေမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် လုံလောက်မှုမရှိခြင်း၊ လက်ရှိတွင်လည်း မြို့နယ်ခန်းမဆောင်တစ်ခုရှိပြီးဖြစ်ခြင်းတို့ကြောင့် မြို့နယ်ခန်းမအသစ် တည်ဆောက်ရေးလုပ်ငန်းကို ရန်ပုံငွေ တိုးတက်ရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင်၏ **ရိခေါဒါရ်မြို့နှင့်ဖလမ်းမြို့ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ရိခေါဒါရ်မြို့သည် ရပ်ကွက် (၂)ခု၊ အိမ်ခြေ(၅၄၆)အိမ်၊ လူဦးရေ(၂၇၂၈)ဦး၊ တစ်နေ့ရေလိုအပ်ချက်မှာ ဂါလန်(၅)သောင်းခန့်ဖြစ်ပါကြောင်း၊ ရိခေါဒါရ်မြို့၏ လက်ရှိရေပေးရေးစနစ်မှာ စိမ့်စမ်းရေထွက်(၂)ခုမှ ရေသွယ်၍ ဂါလန်(၆၀၀)ဆံ့ အုတ်ရေကန်(၁၄)ခုဖြင့် နွေရာသီတွင်တစ်ရက်လျှင် ရေဂါလန်(၂၅၀၀၀)ဖြန့်ဝေပေးလျက်ရှိပြီး ရေပေးရေးလွှမ်းခြုံမှုမှာ(၅၀)ရာခိုင်နှုန်း ရှိပါကြောင်း၊ မိုးရာသီတွင် တစ်ရက်လျှင် ရေဂါလန်(၅)သောင်းခန့် ဖြန့်ဝေပေးလျက်ရှိသဖြင့် (၁၀၀)ရာခိုင်နှုန်း လွှမ်းခြုံမှုရှိပါကြောင်း၊ ဆာကေးကျန်းရေထွက်သည် မြို့နှင့်(၇)မိုင်ခန့် ကွာဝေးခြင်း၊ နွေရာသီတွင်သာ ရေခက်ခဲခြင်းတို့ကြောင့် အမှတ်(၁) ရပ်ကွက်ရှိ ရိဒ်ရေကန်မှရေကို ရေတင်စက်နှင့် မောင်းတင်၍ ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ပေးပါက ရေလုံလောက်စွာရရှိနိုင်မည် ဖြစ်ပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များစေလွှတ်ပြီး မြေအောက်ရေရရှိရေးတိုင်းတာစက်များဖြင့် စမ်းသပ်တိုင်းတာလေ့လာမှုများပြုလုပ်၍ သောက်သုံးရေအတွက် ရေရရှိနိုင်ခြေရှိပါက စက်ရေတွင်းများ တူးဖော်ပြီး တိုးချဲ့ရေဖြန့်ဝေပေးသွားမည် ဖြစ်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ရေပေးရေးလုပ်ငန်းများကို နိုင်ငံတော်ထောက်ပံ့ငွေကျပ်(၁၀)သန်းဖြင့် (၁၈)HP အင်ဂျင်နှင့်ပန့် ဝယ်ယူတပ်ဆင်ခြင်း၊ ရေပိုက်လိုင်း ပေ (၅၀၀၀)တိုးချဲ့သွယ်တန်းခြင်း၊ ဂါလန်(၅၀၀၀)ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း စသည့် လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးချိန်တွင် ရိခေါဒါရ် မြို့၏ ရေပေးရေးလွှမ်းခြုံမှုမှာ (၁၀၀)ရာခိုင်နှုန်းဖြစ်ပါကြောင်း။

ဖလမ်းမြို့သည် ရပ်ကွက်(၄)ခု၊ အိမ်ခြေ(၁၂၇၇)အိမ်၊ လူဦးရေ (၁၁၃၂၀)၊ တစ်နေ့ရေလိုအပ်ချက် ဂါလန် (၂ ဒသမ ၂၆)သိန်းခန့် ရှိပါကြောင်း၊ ဖလမ်းမြို့၏ လက်ရှိမြို့ရေပေးရေးစနစ်မှာ စိမ့်စမ်းရေထွက် (၆)ခုမှ ရေသွယ်ပြီး ရေစုကန်(၅)ကန်မှတစ်ဆင့် အိမ်သွယ်ရေတိုင် (၂၉၁)တိုင်၊ အများသုံးတိုင်(၁၃၄)တိုင်၊ အများသုံး ရေကန်(၆)ကန်ဖြင့် နွေရာသီတွင် တစ်ရက်လျှင် ရေဂါလန်(၁ ဒသမ ၂)သိန်းခန့် ဖြန့်ဝေပေးလျက်ရှိကာ ရေပေးရေးလွှမ်းခြုံမှု(၅၃)ရာခိုင်နှုန်းရှိပါကြောင်း၊ မိုးရာသီတွင် တစ်ရက်ရေဂါလန် (၁ ဒသမ ၈)သိန်းခန့် ဖြန့်ဝေပေးလျက်ရှိသဖြင့် (၈၀)ရာခိုင်နှုန်းခန့် လွှမ်းခြုံလျက်ရှိပါကြောင်း။

ဖလမ်းမြို့ ဇာထီရ်ရေထွက်သည် မြို့မှ(၇/၄)မိုင်ကွာဝေးပြီး ဖလမ်း-ဟားခါးလမ်းမကြီး၏ အထက်တွင် တည်ရှိသဖြင့် အဆိုပါရေထွက်မှ ရေသွယ်ယူရရှိနိုင်ရေးအတွက် ရေအရင်းအမြစ်လုံလောက်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ ထပ်မံ၍ ရေအရင်းအမြစ်အသစ်များရှာဖွေခြင်းတို့ကို ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က အသေးစိတ် လေ့လာကွင်းဆင်းတိုင်းတာတွက်ချက်ပြီး ရေရရှိနိုင်မှု ဖြစ်နိုင်ခြေအပေါ် ချင့်ချိန်၍ နှစ်အလိုက်အစီအမံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရှိအုပ်၏ **အိမ်သုံးဆိုလာပြားများ ဝယ်ယူခြင်းအပေါ် တားမြစ်နေမှုများအား ဖြေရှင်းပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တစ်ဖက်နိုင်ငံမှ အိမ်သုံးဆိုလာပြားများမှာ နိုင်ငံတော်က တားမြစ်ကန့်သတ်ထားသည့် ပစ္စည်းမဟုတ်သဖြင့် တရားဝင်လုပ်ထုံးလုပ်နည်းနှင့်အညီ နယ်စပ်ကုန်သွယ်ရေးစခန်းများက သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းခွင့်ပြုနေသည့် ပစ္စည်းဖြစ်ပြီး ယခုလက်ရှိတွင်လည်း တရုတ်နိုင်ငံနယ်စပ် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် သွင်းကုန်လိုင်စင်ဖြင့် ခွင့်ပြုတင်သွင်းနေသည့်ပစ္စည်း ဖြစ်ပါကြောင်း။

နယ်စပ်ဒေသများတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် တစ်ဖက်နိုင်ငံမှ ကုန်ပစ္စည်းများကို စီးပွားဖြစ်ရောင်းချရန်အတွက်မဟုတ်ဘဲ မိမိအိမ်သုံးအတွက် ဝယ်ယူခြင်းဖြစ်ပါက တစ်ကြိမ်လျှင် သယ်ယူဆောင်ရွက်ခွင့်ရှိသည့် ကုန်ပစ္စည်းအရေအတွက်နှင့် တန်ဖိုးကို လည်းကောင်း၊ လူတစ်ဦးချင်းစီအတွက် ခွင့်ပြုပေးမည့် အရေအတွက်နှင့်တန်ဖိုးကို လည်းကောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက သတ်မှတ်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တစ်ဖက်နိုင်ငံမှ အိမ်သုံးဆိုလာပြားများ စီးပွားဖြစ်ရောင်းချရန်အတွက်မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်ဝယ်ယူသုံးစွဲနေမှုအား စနစ်တကျဖြစ်စေရေးအတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စီမံဆောင်ရွက်ပေးနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။



**မြောက်ဦး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာ မေးမြန်းစဉ်။** (သတင်းစဉ်)



**တီးတိန် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပုမ်ခန့်အင် မေးမြန်းစဉ်။** (သတင်းစဉ်)



**ကန်ကြီးထောင့် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်း မေးမြန်းစဉ်။** (သတင်းစဉ်)

မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ၏ **နှစ်ပေါင်း(၈၀)ကျော် ကာလရှည်ကြာ အသုံးပြုနေသော အောက်ခြေသံတိုင်များ ကျိုးပဲ့နေသည့် နန်းတော်ကုန်း ပြတိုက်သို့သွားရာ အဓိကလမ်း တံတားဖြစ်သော ရေပေါက်ဝတံတားကို ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မြောက်ဦးမြို့ လက်ကောက်ဈေးရပ်ကွက်နှင့် အလယ်ဈေးရပ်ကွက်ကို ဆက်သွယ်ထားသော ပြတိုက်လမ်းပေါ်ရှိ ရေပေါက်ဝတံတားမှာ အရှည်ပေ(၆၀)၊ အကျယ်(၁၄) ပေ၊ အမြင့်(၁၅)ပေရှိပြီး ၁၉၂၈ ခုနှစ်တွင် တည်ဆောက်ခဲ့ပါကြောင်း၊ အဆိုပါတံတားအား မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သော်လည်း နှစ်ကာလကြာမြင့်မှုကြောင့် လက်ရှိအခြေအနေတွင် (၃)တန်အောက်ယာဉ်များသာ ဖြတ်သန်းသွားလာနိုင်ပြီး သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည်ဆိုပါက ရန်ပုံငွေကျပ် (၆၅) သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရေးလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေဝင်ဆံ့မှုအပေါ် မူတည်၍ နှစ်အလိုက် အစီအမံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

**ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ**တွင် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့ခဲ့သည့် **လူမှုဖူလုံရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုတင်သွင်းပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်၊ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုဆောင်ရွက်သည်။

ဥပဒေကြမ်းပါ အပိုဒ် ၁၊ အပိုဒ် ၃(င)၊ အပိုဒ် ၄(က)၊ အပိုဒ် ၅(က၊ င၊ ဇ)၊ အပိုဒ် ၇၊ အပိုဒ် ၈ (က)(၃၊ ၄၊ ၅၊ ၆၊ ၇)၊ အပိုဒ် ၉(ခ)၊ အပိုဒ် ၁၀(ခ)(၄၊ ၅)၊ အပိုဒ် ၁၁(က)နှင့် အပိုဒ် ၁၁(က)(၁၅)၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ဒေသတွင်းရှိ ထူးချွန်သော လူငယ်လူရွယ်များ အဆင့်မြင့်နည်းပညာများ သင်ကြားတတ်မြောက်စေရန်အတွက် နည်းပညာတက္ကသိုလ်(မိတ္ထီလာ)ကို တည်ဆောက်ဖွင့်လှစ်ပေးထားသည်။ (ယာပုံ)

ဒေသတွင်းရှိ ကျောင်းသား ကျောင်းသူများ စီးပွားရေးပညာရပ်ဆိုင်ရာများ တတ်ကျွမ်းပြီး စာရင်းအင်းကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းစေရန်အတွက် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်ကို တည်ဆောက်ဖွင့်လှစ်ပေးထားသည်။ (အောက်ပုံ)



# မန္တလေးတိုင်းဒေသကြီး မိတ္ထီလာနှင့် ကျောက်ဆည်မြို့နယ်တို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ









မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် (အပေါ်ပုံ)နှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ် (ကျောက်ဆည်)၏ ညမြင်ကွင်းအလှ (အပေါ်ဝဲပုံ)နှင့် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) ပင်မသုံးထပ်ကျောင်းဆောင်သစ်ကြီး(ဝဲပုံ) တို့ကို တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

❖စာမျက်နှာ ၆ မှ
အပိုဒ် ၁၂(က)(၆၊ ၇)၊ အပိုဒ် ၁၂(ခ)(၄)၊ အပိုဒ် ၁၃(င)(၂)၊ အပိုဒ် ၁၅(က)(၅)၊ အပိုဒ် ၁၇၊ အပိုဒ် ၂၀ (င)၊ အပိုဒ် ၂၁(ခ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၅နှင့် အပိုဒ် ၂၅(ဂ)၊ အပိုဒ် ၂၇(က)၊ အပိုဒ် ၂၃၊ အပိုဒ် ၃၄၊ အပိုဒ် ၄၃ (က၊ ခ)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅(ခ)၊ အပိုဒ် ၅၀၊ အပိုဒ် ၆၈၊ အပိုဒ် ၇၉(င)၊ အပိုဒ် ၈၁၊ အပိုဒ် ၈၄(က၊ စ)၊ အပိုဒ် ၈၅၊ အပိုဒ် ၈၇ (ဂ၊ ဃ)၊ အပိုဒ် ၉၁(က)၊ အပိုဒ် ၉၇၊ အပိုဒ် ၁၀၀၊ အပိုဒ် ၁၀၃(က)တို့ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိရန်နှင့် ဥပဒေကြမ်းခေါင်းစဉ်၊ အပိုဒ် ၁ (ခ၊ ဂ)၊ အပိုဒ် ၂ (င)၊ အပိုဒ် ၃(က)၊ အပိုဒ် ၅(ဈ၊ ဌ၊ ဍ)၊ အပိုဒ် ၈(က၊ ခ၊ ဂ)၊ အပိုဒ် ၁၀(ခ)(၂၊ ၈)၊ အပိုဒ် ၃၂၊ အပိုဒ် ၄၂ (က၊ ခ)၊ အပိုဒ် ၅၂(က)၊ အပိုဒ် ၅၃(ခ)၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆(ဂ)၊ အပိုဒ် ၅၇၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၆(က)(၁)၊ အပိုဒ် ၇၃(ဂ)၊ အပိုဒ် ၇၅(ခ)(၃)၊ အခန်း(၉) ခေါင်းစဉ်၊ အပိုဒ် ၈၆၊ အပိုဒ် ၈၇(က၊ ခ) တို့ကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြောင်း၊ **လူမှုဖူလုံရေးဥပဒေကြမ်း** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင်ရပ်နားပြီး အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး(၂၀)ရက်မြောက်နေ့ကို မတ် ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် အစည်းအဝေး၌ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးခြင်း၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

## ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် မတ် ၁၄**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်ဦးစီးချုပ် Admiral Wu Shengli ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာမှ ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Sr. Colonel Xiong Shaowei နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**



အဆိုပါခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ဇာနည်ဝင်း၊ ဗိုလ်မှူးချုပ်မောင်ဦးလွင်၊ ဗိုလ်မှူးချုပ်မြင့်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ ပြန်လည်လိုက်ပါလာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐ စာမျက်နှာ ၉ မှ
ဆင်များ၏ခန့်မှန်းခြေစာရင်း (Elephant Bill) သုတေသန ပြုလုပ်ချက်များကို ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးဆောင်ရွက်ရန် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးတင်ယုက **အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ကော်မတီဝင် ဒေါက်တာမြတ်ဉာဏစိုးက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ အတည်ပြုကြောင်း လွှတ်တော်က သဘောတူဆုံးဖြတ်သည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးညဏ်လင်း၏ **"တရားရေးမဏ္ဍိုင်ထိန်းကျောင်းတည့်မတ်နိုင်သော အရည်အချင်းပြည့်ဝသည့် ရှေ့နေကောင်းများ ပေါ်ထွန်းလာရေးအတွက် အစီအမံများဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက လွှတ်လပ်ရေးရပြီးစဉ်ကစပြီး တရားသူကြီးချုပ်၊ တရားရေးဝန်ကြီးများ၊ ရှေ့နေချုပ်၊ အစိုးရရှေ့နေများနှင့် တရားလွှတ်တော်ရှေ့နေများသည် တရားရေးရာတာဝန်များကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုအစဉ်အလာကို ဆက်လက်ထိန်းသိမ်းရန် တာဝန်ရှိပြီး မွန်မြတ်သော အသက်မွေးဝမ်းကျောင်းပညာကို ဆက်လက်ပျိုးထောင်ပေးရန်၊ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အတွေ့အကြုံနုသော ရှေ့နေရှေ့ရပ်များ ပညာပြည့်ဝစေရန် ဝါရင့်ပညာရှိရှေ့နေကြီးများက မိမိတို့၏အတွေ့အကြုံနှင့် ပညာရပ်များကို ဟောပြောပွဲများပြုလုပ်၍ ဖြန့်ဝေရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုခဲ့သည့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်ထောင့်တစ်နေရာမှ အကျိုးပြုပါဝင်နိုင်ရေးအတွက် ရှေ့နေများအသင်း အလုပ်အမှုဆောင်အဖွဲ့ကို ယခင်ကထက်ပိုပိုပြင်ပြင် ဖွဲ့စည်း၍ ဆောင်ရွက်ရေးကိစ္စအတွက်တော့ Bar Council Act ကို ပြင်ဆင်ရန်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်ပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ရှေ့နေရှေ့ရပ်များနှင့် ပတ်သက်ပြီး အခါအားလျော်စွာ လမ်းညွှန်ပြောကြားလျက်ရှိပါကြောင်း။

တရားစီရင်ရေး၏ အဓိကဦးတည်ချက်မှာ အမှန်တရားပေါ်ပေါက်ရေး ဖြစ်ပါကြောင်း၊ ရှေ့နေရှေ့ရပ်များသည် တရားစီရင်ရေးကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နေကြရသူများဖြစ်သည့်အလျောက် ယင်းတို့၏ အရည်အချင်းပြည့်ဝသည်နှင့်အမျှ တရားစီရင်ရေး၏ ဦးတည်ချက်ဖြစ်သော အမှန်တရားပေါ်ပေါက်ရေးကို အထောက်အကူပြုနိုင်ကြမည်ဖြစ်ပါကြောင်း၊ ရှေ့နေရှေ့ရပ်များသည် ဥပဒေပညာ အရည်အချင်း ပြည့်ဝရုံမျှမက ရှေ့နေတစ်ဦးလိုက်နာရမည့် ကျင့်ဝတ်သိက္ခာများနှင့်အညီ ကျင့်ကြံဆောင်ရွက်ကြသူများလည်း ဖြစ်ရန်လိုအပ်ပါကြောင်း၊ ယင်းသို့ ရှေ့နေကောင်းတစ်ယောက်၏ အရည်အချင်းများနှင့် ပြည့်ဝသည်နှင့်အမျှ ဖြောင့်မတ်မှန်ကန်သော တရားစီရင်ရေး ဖြစ်ထွန်းစေရန် အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ တရားရေးမဏ္ဍိုင်ကို ထိန်းကျောင်းတည့်မတ်နိုင်သော အရည်အချင်းပြည့်ဝသည့် ရှေ့နေကောင်းများ ပေါ်ထွန်းလာရေးအတွက် အစီအမံများ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတွင် ပါရှိသော အချက်များမှာ ယခုအခါတွင် လက်တွေ့ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ယင်းအဆိုအား မှတ်တမ်းတင်ထားသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် တင်သွင်းထားသည့် **"ဝန်ထမ်းအဖွဲ့အစည်းအချို့အား ဖျက်သိမ်းခြင်း၊ ချုံ့ခြင်း၊ ချဲ့ခြင်းနှင့် အသစ်ဖွဲ့စည်းခြင်းများ စနစ်တကျပြုလုပ်ပြီး နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အဆောင်အယောင်များ၊ လစာနှုန်းထားများကို နိုင်ငံတကာစံ၊ ဒေသတွင်းနှင့် အရှေ့တောင်အာရှစံဖြစ်ရေး လုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ယခုအစိုးရသစ်တက်ပြီးနောက် အုပ်ချုပ်ရေးစနစ်သစ်အရလည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ်အရလည်းကောင်း ကိုက်ညီစေရန် အချို့မြို့ပြဝန်ထမ်းအဖွဲ့အစည်းများကိုလျှော့ချခြင်း၊ ဖျက်သိမ်းခြင်း၊ ပေါင်းစည်းခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ၃၁-၃-၂၀၁၁ ရက်မှ ယခုထိကာလအတွင်း အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း၊ စက်မှုညွှန်ကြားရေးဦးစီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန အဖွဲ့အစည်း (၇)ခုကို လျှော့ချဖွဲ့စည်းခဲ့ပြီး အရာထမ်းရာထူး (၁၁၃၅)နေရာ၊ အမှုထမ်းရာထူး (၅၃၈၈၅)နေရာ စုစုပေါင်းရာထူး (၅၅၁၂၀) နေရာ လျှော့ကျ၍ တစ်နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၃၂၆၄၂ ဒသမ ၆၅)သန်း လျှော့ကျမှာဖြစ်ပါကြောင်း၊ ထို့ပြင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းတို့အား မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနအဖြစ် အဖွဲ့အစည်း (၂)ခုကို လုပ်ငန်းမှ ဦးစီးဌာနသို့ ပြုပြင်ဖွဲ့စည်းခဲ့ပြီး အရာထမ်းရာထူး (၅၁)နေရာတိုး၍ အမှုထမ်းရာထူး (၄၃၇၄)နေရာလျှော့ကာ စုစုပေါင်းရာထူး (၄၃၂၃)နေရာလျှော့ချ၍ တစ်နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၂၂၅၈ ဒသမ ၃၅)သန်း လျှော့ကျမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ဝန်ကြီးဌာန(၂)ခုအောက်ရှိ ဖွဲ့စည်းပုံ(၉)ခုမှ အရာထမ်းရာထူး (၁၀၄၈)နေရာ၊ အမှုထမ်းရာထူး (၅၈၂၅၉)နေရာ စုစုပေါင်း (၅၉၃၄၃) နေရာလျှော့ချ၍ တစ်နှစ်အတွက် လစာနှင့်စရိတ် ကျပ် (၃၄၉၀၀)သန်း လျှော့ကျမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ လျှော့ချသော်လည်း အခြားတစ်ဖက်တွင် နိုင်ငံသားများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက်နှင့် အုပ်ချုပ်ရေးစနစ်သစ်အရ လိုအပ်လာသော အဖွဲ့အစည်းများအတွက် မြို့ပြဝန်ထမ်းအင်အားကို နိုင်ငံတော်၏ လိုအပ်ချက်အရ တိုးချဲ့ခဲ့ရပါကြောင်း၊ သို့ပါ၍ အသစ်ဖွဲ့စည်းခဲ့သည့် ဌာနများမှာ ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် အမျိုးသားသွေးဌာနနှင့် ခုတင် (၅၀၀)ဆံ့ ဆေးရုံ(၄)ရုံ၊ (အရိုး၊ ကလေး၊ သားဖွား၊ မျက်စိ)၊ (၁၆)ခုတင်ဆံ့ (၂၉)ရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ (၂)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၇)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၉၀)ခု၊ သားဖွားသင်တန်းကျောင်း (၄)ခု၊ ဒေသန္တရကျန်းမာရေးဌာနခွဲ (၁)ခု၊ ကျေးလက်ဆေးပေးခန်း (၁)ခု၊ ပညာရေးဝန်ကြီးဌာနအောက်တွင် အခြေခံပညာအထက်တန်းကျောင်း(၁)ကျောင်း၊ အလယ်တန်းကျောင်း(၁)ကျောင်းနှင့် မြို့နယ်ပညာရေးမှူးရုံး(၅)ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအောက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်တွင် အမျိုးသားဓာတ်ခွဲခန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ကန့်ဘလူ)၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်တွင် တာပိန်(၁)၊ နန်ချို၊ အထက်ပေါင်းလောင်း၊ ကြီးအုံကြီးဝ၊ အထက်ကျိုင်းတောင်၊ ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံများ၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်တွင် မဟာဓာတ်အားလိုင်းမှူးရုံး(၂)ရုံး(မင်းဘူး၊ ဗန်းမော်)နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအောက်တွင် GSM မိုဘိုင်းလိုင်းသန်း (၃၀) တပ်ဆင်ခြင်း ယာယီစီမံချက်အင်အားတို့ကို အသစ်ဖွဲ့စည်းခဲ့ပါကြောင်း။

ထို့ပြင် လိုအပ်ချက်အရ တိုးချဲ့ခဲ့သည့် ဝန်ကြီးဌာနများနှင့် ဖွဲ့စည်းပုံအရေအတွက်များမှာ ကျန်းမာရေးဝန်ကြီးဌာနတွင် ခုတင် (၁၀၀၀)ဆံ့ဆေးရုံ (၂)ရုံ၊ ခုတင် (၅၀၀)ဆံ့ ဆေးရုံ (၄)ရုံ၊ ခုတင် (၃၀၀)ဆံ့ဆေးရုံ (၅)ရုံ၊ ခုတင် (၂၀၀)ဆံ့ ဆေးရုံ (၁၉)ရုံ၊ ခုတင် (၁၀၀)ဆံ့ဆေးရုံ (၅)ရုံ၊ ခုတင် (၅၀)ဆံ့ ဆေးရုံ (၄)ရုံ၊ (၂၅)ခုတင်ဆံ့ဆေးရုံ(၇)ရုံ၊ (၁၆)ခုတင်ဆံ့ဆေးရုံ (၅၃)ရုံ၊ သူနာပြုတက္ကသိုလ်(၁)ခု၊ အမျိုးသားသွေးဌာန (၁)ခု၊ သားဖွားသင်တန်းကျောင်း(၄)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၇)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၉၁)ခု၊ ဒေသန္တရကျန်းမာရေးဌာနခွဲ(၁)ခု၊ ကျေးလက်ဆေးပေးခန်း (၁)ခု၊ ခုတင်(၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ(၂)ရုံ ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ(၁)ရုံအတွက် အရာထမ်းရာထူး (၂၁၇၁)နေရာ၊ အမှုထမ်းရာထူး (၁၀၈၇၁)နေရာ စုစုပေါင်းရာထူး (၁၃၀၄၂)နေရာတိုးချဲ့၍ တစ်နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၉၅၄၀၅၀)သန်းဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနတွင် အခြေခံပညာအထက်တန်းကျောင်း (၄၄)ကျောင်း၊ အလယ်တန်းကျောင်း (၂၆)ကျောင်း၊ ပညာရေးမှူးရုံး(၅)ရုံး၊ ရွှေဘိုတက္ကသိုလ်နှင့် ပဲခူးတက္ကသိုလ်အတွက် အရာထမ်းရာထူး (၁၀၁၀)နေရာ၊ အမှုထမ်းရာထူး (၁၉၈၂)နေရာ စုစုပေါင်းရာထူး (၂၉၉၂)နေရာတိုးချဲ့၍ လစာနှင့်စရိတ်ကျပ် (၂၇၇၅ ဒသမ ၆၇)သန်းဖြင့် လည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် ဖာပွန်ခရိုင်တရားရုံးကို အရာထမ်းရာထူး (၁)နေရာ၊ အမှုထမ်းရာထူး (၉)နေရာ စုစုပေါင်းရာထူး (၁၀)နေရာဖြင့် ဖွဲ့စည်းခဲ့ပြီး (၁)နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၇ ဒသမ ၄၇)သန်းဖြင့် လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနကို အရာထမ်းရာထူး (၃၈)နေရာ၊ အမှုထမ်းရာထူး (၂၇)နေရာ စုစုပေါင်းရာထူး (၆၅)နေရာဖြင့် ဖွဲ့စည်းခဲ့ပြီး တစ်နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၇၆ ဒသမ ၉၂)သန်းဖြင့်လည်းကောင်း၊ ကျန်ရှိသည့် ဝန်ကြီးဌာန (၁၄)ခုတွင် လိုအပ်ချက်အရ ဖွဲ့စည်းပုံ (၇၇)ခုအတွက် အရာထမ်းရာထူး (၂၁၆၀)နေရာ၊ အမှုထမ်းရာထူး (၂၄၉၄၉)နေရာ စုစုပေါင်းနေရာ (၂၇၁၀၉)နေရာတိုးချဲ့၍ တစ်နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၁၆၁၂၄ ဒသမ ၆၄)သန်းဖြင့်လည်းကောင်း တိုးချဲ့ခဲ့ပြီး စုစုပေါင်းဌာန (၂)ခုနှင့် ဝန်ကြီးဌာန (၁၆)ခုတို့တွင် အရာထမ်းရာထူး (၅၃၈၀)နေရာ၊ အမှုထမ်းရာထူး (၃၇၈၃၈)နေရာ စုစုပေါင်းရာထူး (၄၃၂၁၈)နေရာတိုးချဲ့ပြီး တစ်နှစ်အတွက် လစာနှင့်စရိတ်ကျပ် (၂၈၅၂၅ ဒသမ ၂၀)သန်း တိုးလာမည်ဖြစ်ပါကြောင်း။

တိုးချဲ့သည့်ဖွဲ့စည်းပုံ (၁၆၄)ခုအတွက် ဝန်ထမ်းအင်အားနှင့် လျှော့ချခဲ့သည့် ဖွဲ့စည်းပုံ(၉)ခုအတွက် ဝန်ထမ်းအင်အားကို နှိုင်းယှဉ်ပါက အစိုးရသစ်တာဝန်ယူသည့် ကာလအတွင်း လူအင်အား (၁၆၁၂၅) လျှော့ကျသွားပြီး လစာစရိတ်ကျပ် (၆၃၇၅ ဒသမ ၈၀)သန်း လျှော့နည်းမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး လိုအပ်ချက်တို့ကို ဦးစားပေးပြီး ပြောင်းလဲလာသော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စနစ်များနှင့်အညီ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံတွင် လျှော့သင့်သည်များကို လျှော့ချခဲ့ပြီး တစ်ဖက်တွင်လည်း အုပ်ချုပ်ရေးစနစ်အသစ်အရ အနည်းဆုံးလိုအပ်ချက်များကို စိစစ်ခွင့်ပြုလျက် ကျစ်ကျစ်လျစ်လျစ်ဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်အဆောင်အယောင်များ၊ လုပ်ခလစာနှုန်းထားနှင့် နေ့တွက်စရိတ်တို့ နိုင်ငံတကာစံ၊ ဒေသတွင်းနှင့် အရှေ့တောင်အာရှစံဖြစ်ရေး ဥပဒေပြုစီမံဆောင်ရွက်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို ရှေးရှု၍ နိုင်ငံ့ဝန်ထမ်းများ၏ လစာဝင်ငွေကို (၄)ကြိမ်တိုးမြှင့်ပေးခဲ့ပြီး နေ့တွက်စရိတ်ကိုလည်း တိုးမြှင့်ပေးခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ လစာငွေကို တိုးမြှင့်ခွင့်ပြုခဲ့ပြီးဖြစ်သော်လည်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာငွေကို ၂၀၁၁ ခုနှစ် ဇူလိုင်လမှစ၍ လက်ရှိဝန်ထမ်းများခံစားနေသည့် လစာနှုန်းထားနှင့် ညှိနှိုင်း၍ တိုးမြှင့်ခွင့်ပြုခဲ့ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်တွင် ဇန်နဝါရီ ၃၁ ရက်က တင်သွင်းသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ၂၀၁၂ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ၂၀၁၂ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ/ အသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းခဲ့ရာတွင် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ခလစာနှုန်းထား၊ နေ့တွက်စရိတ်များကိုသာမက ရုံး၊ နေအိမ်၊ အဆောက်အအုံ၊ အဆောင်အယောင်များဆိုင်ရာ ကျခံသုံးစွဲမှုများကိုလည်း တင်သွင်းခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရဘက်ကလည်း တစ်နှစ်ထက်တစ်နှစ် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာလျှင် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေရေးဖူလုံရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှုသက်သာချောင်ချိမှုရှိရေးအတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုပံ့ပိုးဖြည့်ဆည်းပေးခြင်းဖြင့် လက်ရှိဌာနဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက်လည်းကောင်း၊ Good Governance, Clean Government ဖြစ်ရေးအတွက်လည်းကောင်း ဆောင်ရွက်ရာ၌ နိုင်ငံ့ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် အရည်အချင်းများ ပြောင်းလဲတိုးတက်ကောင်းမွန်လာရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့မှသာ နိုင်ငံ၏လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုစွမ်းအားမြင့်မားလာပြီး နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာစွာရရှိလာမည်ဖြစ်ကြောင်း။

အထက်ပါအချက်များအရ ပြည်ထောင်စုအစိုးရဌာနအသီးသီးသည် ရည်မှန်းချက်တာဝန်များကို ပြီးမြောက်အောင်မြင်စေရေးအတွက် ၎င်းတို့သက်ဆိုင်ရာလုပ်ငန်းတာဝန်နှင့် ဘာသာရပ်ကျွမ်းကျင်မှုများအလိုက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်၏ ဘတ်ဂျက်စိစစ်မှုမှ စီးပွားရေးတွက်ခြေကိုက်မှုနှင့် အမြတ်ပြန်ပေါ်နှုန်းများအရလည်းကောင်း၊ ၎င်းတို့၏ဌာနများ ကျစ်လျစ်စွာဖွဲ့စည်းရေးပြင်ဆင်လျက်ရှိပြီး တာဝန်ခံနိုင်မှုနှင့် တာဝန်ယူနိုင်မှုအပေါ်မူတည်၍လည်းကောင်း ဖွဲ့စည်းပုံအင်အားတိုးချဲ့ခြင်း၊ လျှော့ချခြင်းများကို စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် တင်သွင်းသည့်အစီအစဉ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများ၏ အုပ်ချုပ်မှုကိစ္စရပ်ဖြစ်နေခြင်း၊ ဌာနများအလိုက် ပြုပြင်ပြင်ဆင်စီစဉ်ဆောင်ရွက်လျက်ရှိခြင်း လုပ်ခလစာနှုန်းထား၊ နေ့တွက်စရိတ်များကိုလည်း ဘဏ္ဍာငွေရသုံးမှန်းခြေငွေစာရင်း ဥပဒေကြမ်းတင်သွင်းရာ၌ အပါအဝင်ပါရှိပြီးဖြစ်ခြင်းတို့ကြောင့် သီးခြားဥပဒေ၊ သီးခြားအဆိုဖြင့် ဆောင်ရွက်ရန်မလိုဘဲ လက်ရှိဆွေးနွေးဆောင်ရွက်နေသော ဥပဒေကြမ်းများ၌သာ ထည့်သွင်းစီမံဆောင်ရွက်သွားရန်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကာယကံရှင်၏ တင်ပြချက်အရ ဒေါက်တာအေးမောင်၏ အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ညနေ ၄ နာရီတွင် ရပ်နားလိုက်သည်။

အစည်းအဝေးတွင် မေးခွန်း(၁၀)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်း၊ အဆို(၂)ခု ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ဂျပန်အရှေ့ပိုင်း ငလျင်ဒဏ်နှစ်ပတ်လည်ဓာတ်လမ်းတိုနှင့် ဂျပန်ရုပ်ရှင်ပြပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၄**

၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းအရပ်၌ ဖြစ်ပွားခဲ့သော ဂျပန်အရှေ့ပိုင်းငလျင်ဒဏ် နှစ်ပတ်လည် အထိမ်းအမှတ် ဇာတ်လမ်းတိုနှင့် ဂျပန်ရုပ်ရှင်ပြပွဲကို မကြာမီ အမှတ်(၁၀၀) နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသံရုံး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်လမ်းတိုနှင့် ဂျပန်ရုပ်ရှင်ပြပွဲတွင် မိနစ် ၃၀ ကြာမြင့်မည့် "Setting Sail From The Ruins" နှင့် ၁၂၃ မိနစ်ကြာမြင့်မည့် "Wanko-The Story of Me, My Family and My Dog" အမည်ရှိ ရုပ်ရှင်ဇာတ်လမ်းများကို မတ် ၂၉ ရက်နှင့် ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲမှစတင်၍ သံရုံးခန်းမ၌ ပြသသွားမည်ဖြစ်ရာ ပြပွဲသို့ လာရောက်ကြည့်ရှုလိုသူများသည် မှတ်ပုံတင်နှင့်အတူ သတ်မှတ်ထားသော အချက်အလက်များကို ဖြည့်စွက်ကာ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(ကိုကြီးသာ)

# နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ကြေး ခံစားခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၀၀/၂၀၁၂**
**နေပြည်တော်၊ ၁၃၇၃ ခုနှစ် တပေါင်းလပြည့်ကျော် ၇ ရက်**
**(၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်)**

အကြောင်းအရာ။ **နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ကြေး ခံစားခွင့်ပြုခြင်း**

**အပိုင်း ၁**
**ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး**

၁။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများ၏ စားဝတ်နေရေးသက်သာချောင်လည်မှုရှိစေရန်အတွက် လက်ရှိလစာအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လကျပ် ၃၀,၀၀၀/-(ကျပ်သုံးသောင်းတိတိ) လစဉ်ခံစားခွင့်ပြုလိုက်သည်။

**အပိုင်း ၂**
**တပ်မတော်(ကြည်း၊ရေ၊လေ) ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး**

၂။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် တပ်မတော်(ကြည်း၊ရေ၊လေ) ဝန်ထမ်းများအား စားဝတ်နေရေးသက်သာချောင်လည်မှုရှိစေရန် တပ်မတော်အတွက် သတ်မှတ်ထားသော လစာနှင့် စရိတ်နှုန်းထားများအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လကျပ် ၃၀,၀၀၀/-(ကျပ်သုံးသောင်းတိတိ) လစဉ်ခံစားခွင့်ပြုလိုက်သည်။

**အပိုင်း ၃**
**ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်**

၃။ အထက်ဖော်ပြပါ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လအတွက်နှင့် လစာပြည့် သို့မဟုတ် လစာဝက်အစရှိသည့် လစာငွေရရှိသော အခြားခွင့်ခံစားနေသည့် ကာလအတွင်း အထက်ဖော်ပြပါ အပိုထောက်ပံ့ကြေးကို ခံစားခွင့်ရှိပါသည်။

(ခ) ပညာသင်ကြားခွင့်ဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ စေလွှတ်ခြင်းခံရသော ဝန်ထမ်းများနှင့် ပညာသင်ခွင့်စည်းကမ်းချက်များဖြင့် နိုင်ငံခြားသို့ သွားရောက်ပညာသင်ကြားနေကြသည့် ဝန်ထမ်းများသည် ယင်းသို့သွားရောက်နေသည့် ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ။

(ဂ) တာဝန်ထမ်းဆောင်ရာ၌ လိုအပ်သောအရည်အချင်း ပြည့်စုံမှုအတွက် ပြည်တွင်း တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတစ်ခုခုတွင်လည်းကောင်း၊ စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဆိုင်ရာသိပ္ပံ သို့မဟုတ် အထက်တန်းကျောင်းတစ်ခုခုတွင်လည်းကောင်း ပညာသင်ခွင့်စည်းကမ်းချက်များဖြင့် တက်ရောက်ပညာသင်ကြားခွင့်ရရှိသော ဝန်ထမ်းများအား ပညာသင်ခွင့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရပါမည်။

(ဃ) ရာထူးမှ ခေတ္တချထားခြင်းခံရသော ဝန်ထမ်းများအား တည်ဆဲနည်းဥပဒေများအရ နေထိုင်စားသောက်မှုစရိတ်ကို ထုတ်ပေးထားစဉ်ကာလအတွင်း အပိုထောက်ပံ့ကြေး ခံစားခွင့်ပြုရပါမည်။

(င) ပုံသေလစာရရှိသော ဝန်ထမ်းများသည်လည်း အပိုထောက်ပံ့ကြေး ကျပ် ၃၀,၀၀၀/-(ကျပ်သုံးသောင်းတိတိ)ကို လစဉ်ခံစားခွင့်ရှိမည်ဖြစ်ပါသည်။

**အပိုင်း ၄**
**နေ့စားအလုပ်သမားများအတွက် အပိုထောက်ပံ့ကြေး**

၄။ အစိုးရဌာနများနှင့်အဖွဲ့အစည်းများရှိ နေ့စားအလုပ်သမားများ၏ လုပ်ခကို အလုပ်ချိန်တစ်နေ့ ၈ နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခ ကျပ် ၁၁၀၀/-(ကျပ်တစ်ထောင့်တစ်ရာတိတိ)အပေါ်တွင် အပိုထောက်ပံ့ကြေး ကျပ် ၁,၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို ထပ်မံခံစားခွင့်ပြုရန်ဖြစ်သဖြင့် နေ့စားအလုပ်သမားများအား နေ့စဉ်လုပ်ခ ကျပ် ၂,၁၀၀/-(ကျပ်နှစ်ထောင့်တစ်ရာတိတိ) ခွင့်ပြုရန် ဖြစ်ပါသည်။

၅။ အောက်ဖော်ပြပါဝန်ထမ်းများသည် အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ-

(က) လုပ်ငန်းစာချုပ်အစရှိသည့် ဆောင်ရွက်ပြီးစီးသော လုပ်ငန်းပမာဏ သို့မဟုတ် အရေအတွက်ကိုလိုက်၍ အခကြေးငွေရရှိသည့် ဝန်ထမ်းများနှင့် အလုပ်သမားများ၊

(ခ) အချိန်ပိုင်းသာ ဆောင်ရွက်ရသည့် ဝန်ထမ်းများ၊

**အပိုင်း ၅**
**အထွေထွေ**

၆။ ဤအမိန့်သည် ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ အတည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအား ၂၀၁၂ ခုနှစ် ဧပြီလအတွက် ပေးရန်ရှိသော လစာနှင့်အတူ အပိုထောက်ပံ့ကြေးကို ထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးရပါမည်။

**(ပုံ) လှထွန်း**
**ပြည်ထောင်စုဝန်ကြီး**

နိုင်ငံတကာရုပ်ရှင်

## ချာလီချက်ပလင်၏ မြေး ပါဝင်သရုပ်ဆောင်ထားသည့် ဘောလိဝုဒ်ရုပ်ရှင်ကား အိန္ဒိယတွင် ဖြန့်ချိပြသမည်

တစ်ခေတ်တစ်ခါက ကမ္ဘာ့ရုပ်ရှင်လောကတွင် နာမည်ကျော်ထင်ရှားခဲ့သည့် ကမ္ဘာကျော်ဟာသသရုပ်ဆောင်မင်းသား ချာလီချက်ပလင်၏ မြေးဖြစ်သူ ကီရာချက်ပလင် ပါဝင်သရုပ်ဆောင်ထားသည့် အင်္ဂလိပ်စကားပြော ဘောလိဝုဒ်ရုပ်ရှင်ကားကို ယခုလတွင် ဖြန့်ချိပြသသွားမည်ဖြစ်ပြီး ယင်းဇာတ်ကားကို လေးနှစ်နီးပါးကြာ အချိန်ပေးရိုက်ကူးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

“ဆာ ချာလီချက်ပလင်ကို ဘယ်သူနဲ့မှ မနှိုင်းယှဉ်ကြပါနဲ့။ သူ့ရဲ့မြေးနဲ့ သူနဲ့တောင် မနှိုင်းယှဉ်ပါနဲ့။ အဲဒီလို နှိုင်းယှဉ်တာဟာ ရာဇဝတ်မှုပါပဲ”ဟု အသက်(၂၉)နှစ်ရှိ ကီရာချက်ပလင်က အိန္ဒိယမီဒီယာများနှင့် တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ထုတ်ဖော်ပြောကြားသည်။ သူမပါဝင်သရုပ်ဆောင်ထားသည့် ပထမဆုံးဘောလိဝုဒ်ရုပ်ရှင်ကား Chaurahen ကို မတ် ၁၆ ရက်တွင် ဖြန့်ချိပြသသွားမည်ဖြစ်သည်။

ယင်းဇာတ်ကားကို ဒါရိုက်တာ ရာဂျေရှရီ အိုဂျာက ရိုက်ကူးပြီး ကီရာချက်ပလင်နှင့်အတူ ဆိုဟာအလီခန်၊ ဗစ်တာဘနာဂျီးနှင့် ဇီးနတ်အမန်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

ကီရာသည် အမေရိကန်နိုင်ငံ FHM မဂ္ဂဇင်းက ရွေးချယ်ဖော်ပြခဲ့သော ကမ္ဘာ့စွမ်းဆောင်ရည်အမြင့်မားဆုံးအမျိုးသမီးများစာရင်းတွင် နံပါတ် ၁၇ နေရာ ရပ်တည်နိုင်သူဖြစ်ပြီး GQ ၏ ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးများစာရင်းတွင် နံပါတ်ခုနစ်နေရာ၌ သတ်မှတ်ခံထားရသည်။

**အင်တာနက်။**



## ပရီမီယာလိဂ်ဆုဖလားအတွက် မန်ချက်စတာဒါဘီပွဲက အဆုံးအဖြတ်ပေးလိမ့်မည်ဟု မန်စီးတီးနည်းပြ မန်စီနီ ယုံကြည်နေ

**မန်ချက်စတာ မတ် ၁၄**

ပရီမီယာလိဂ်ဆုဖလားအတွက် အမှတ်ပေးဇယားထိပ်တွင် သူတစ်ပြန် ကိုယ်တစ်ပြန်ဖြစ်နေသည့် မန်ယူနှင့် မန်စီးတီးအသင်းနှစ်သင်းအနက် မည်သည့်အသင်းက ချန်ပီယံဆုကို ဆွတ်ခူးသွားမည်ဆိုသည်မှာ နောက်တစ်ကြိမ် ထပ်မံတွေ့ဆုံမည့် မန်ချက်စတာဒါဘီပွဲက အဆုံးအဖြတ်ပေးလိမ့်မည်ဟု မန်စီးတီးနည်းပြ မန်စီနီ**(ဝဲပုံ)**က ယုံကြည်နေသည်။

မန်စီးတီးအသင်းသည် မတ် ၁၁ ရက်က ဆွမ်ဆီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ချိန်တွင် မန်ယူအသင်းက ဝက်စ်ဘရွန်းအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူနိုင်ခဲ့သဖြင့် တစ်မှတ်အသာဖြင့် ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်လျက်ရှိသည်။

သို့သော် မန်စီးတီးအသင်းသည် ဧပြီ ၃၀ ရက်တွင် ၎င်းတို့၏အိမ်ကွင်း အီတီဟတ်ဒ်၌ မန်ယူအသင်းကို ဧည့်ခံကစားရမည်ဖြစ်၍ အိမ်ကွင်းအားသာမှုကို အခွင့်ကောင်းယူကာ မန်ယူအသင်းကို အလဲထိုးရန် ရည်ရွယ်ထားသည်။ သို့သော်လည်း အိမ်ကွင်းအားသာမှုမှာ သတိပြုစရာတစ်ချက်ဖြစ်သော်လည်း အမှန်တကယ် အကောင်းဆုံးကစားနိုင်မှသာလျှင် အောင်မြင်မှုကို ရယူနိုင်မည်မှာ အသေချာဆုံးဖြစ်သည်။ ဥပမာဆိုရသော် မန်ယူနှင့် မန်စီးတီးတို့ ပထမအကြိမ်တွေ့ဆုံစဉ်က မန်ယူ၏ အိမ်ကွင်းဖြစ်သော်လည်း မန်စီးတီးတို့ ဂိုးဒါဇင်ဝက်သွင်းကာ အောင်ပွဲခံနိုင်ခဲ့သည်။ ထို့ကြောင့် အိမ်ကွင်း၊ အဝေးကွင်းမှာ ပဓာနမကျဘဲ လျင်မြန်မှုနှင့် အဆုံးသတ်သေချာမှုတို့ကို အသုံးပြုပြီး တစ်ဖက်အသင်း၏ ဟာကွက်ကို အရအမိရှာဖွေပြီး တိုက်စစ်ဆင်နိုင်မည့်အသင်းသာ အောင်နိုင်သူအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

**အင်တာနက်။**

## အင်အားပြင်း မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မတ် ၁၄**

ယနေ့ ညနေ ၃ နာရီ ၄၇ မိနစ် ၀၁ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၃၃၃၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်း၏အရှေ့ဘက်ကမ်းခြေဒေသ)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)